# ဓမ္မခန္ဓာ (၁၆) ပျား (အန် နာဟ်လ်)

ဥဒ္ဒေ)ကျမ်းဝင်ဝါဒကွင်း

ဥဇ္ဇာ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၇၀၊ သုတ်ဒေသနာ ၁၂၈ ပါး။

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | أَتَى أَمْرُ اللهِ فَلاَ تَسْتَعْجِلُوهُ سُبْحَانَهُ وَتَعَالَى عَمَّا يُشْرِكُونَ۝<br>ပရမတ်ဘုရားရှင်၏ စီမံချက်ကို ပေးရောက်လတ္တံ့၊ ၎င်းကို အလျှင်မလိုကြလင့်၊ အရှင်သည် အစိန္တေယျဖြစ်၏၊ ရောပြွန်းကိုးကွယ်ကြရာများထက် သာလွန်မြင့်မြတ်တော်မူ။ |
| ၂။<br>☆၂း၈၇ | يُنَزِّلُ الْمَلآئِكَةَ بِالْرُّوحِ مِنْ أَمْرِهِ عَلَى مَن يَشَاء مِنْ عِبَادِهِ أَنْ أَنذِرُواْ أَنَّهُ لاَ إِلَـهَ إِلاَّ أَنَاْ فَاتَّقُونِ۝<br>အရှင်သည် နိမိတ်ဆောင်များအား အရှင့်စီမံချက်များကို ဥဇ္ဇာ်စဉ်ဖြင့်ဆောင်လျှက်☆ အမှုတော်ဆောင်များမှ စံချိန်ပြည့်သူထံသို့ စေပို့က၊ သတိပေးစေသည်မှာ– ငါမှအပ အခြားဘုရားဟူ၍ မရှိ၊ ငါ့အား စည်းစောင့်ကြ ဟု ဖြစ်၏။ |
| ၃။ | خَلَقَ السَّمَاوَاتِ وَالأَرْضَ بِالْحَقِّ تَعَالَى عَمَّا يُشْرِكُونَ۝<br>အရှင်သည် မိုးများနှင့် မြေကမ္ဘာအား မှန်ကန်ညီညွတ်ခြင်းဖြင့် ဖြစ်တည်စေ၏၊ အရှင်သည် ရောပြွန်းကိုးကွယ်ရာများထက် သာလွန်မြင့်မြတ်တော်မူ၏။ |
| ၄။<br>☆၂း၂ | خَلَقَ الإِنسَانَ مِن نُّطْفَةٍ فَإِذَا هُوَ خَصِيمٌ مُّبِينٌ۝<br>အရှင်သည် လူသားကို အရည်ကြည်တစ်စက်မှ[၁၉၈]ဖြစ်တည်စေ၏၊☆ သို့သော် သူသည် ပြောင် ရန်မူသူ ဖြစ်၏။ |
| ၅။ | وَالأَنْعَامَ خَلَقَهَا لَكُمْ فِيهَا دِفْءٌ وَمَنَافِعُ وَمِنْهَا تَأْكُلُونَ۝<br>သင်တို့အတို့ နွေးထွေးစေရန်၊ အကျိုးခံစားရရန်၊ စားသုံးနိုင်ရန် အိမ်မွေးတိရိစ္ဆာန်များကိုလည်း ဖြစ်တည်စေ၏။ |
| ၆။<br>သာယာ | وَلَكُمْ فِيهَا جَمَالٌ حِينَ تُرِيحُونَ وَحِينَ تَسْرَحُونَ۝<br>သင်တို့၏ အားလပ်ချိန်၌ ဖြစ်စေ၊ ခရီးသွားစဉ်၌ ဖြစ်စေ ၎င်းတို့သည် သင်တို့အတွက် **အပန်းပြေ**စေ၏။ |
| ၇။ | وَتَحْمِلُ أَثْقَالَكُمْ إِلَى بَلَدٍ لَّمْ تَكُونُواْ بَالِغِيهِ إِلاَّ بِشِقِّ الأَنفُسِ إِنَّ رَبَّكُمْ لَرَؤُوفٌ رَّحِيمٌ۝<br>သင်တို့သည် စိတ် ပန်းမကြီးဘဲ မရောက်ရှိနိုင်သော ဒေသများသို့၊ သင်တို့၏ ဝန်စည်များကို ၎င်းတို့က သယ်ဆောင်ပေး၏၊ သင်တို့၏ကံကြမ္မာရှင်သည် သက်ညှာသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၈။ | وَالْخَيْلَ وَالْبِغَالَ وَالْحَمِيرَ لِتَرْكَبُوهَا وَزِينَةً وَيَخْلُقُ مَا لاَ تَعْلَمُونَ۝<br>မြင်းများ၊ မြည်းများ၊ လားများကိုလည်း သင်တို့ စီနင်းဘို့ရာ ခန့်ညားတင့်တယ်စေဘို့ရာ ဖြစ်စေ၏၊ သင်တို့ မသိသေး |

(၁၉၈) အာရ်ဗီဝေါဟာရ **နုတ္တဖာဟ်** ဆိုသည်မှာ ရေစင်သန့်ဟု ဖြစ်ပေသည်။ ၎င်းသည် အလွန်သေးငယ်သော ပမာဏဖြစ်၍ ကြီးမားကျယ်ပြန့်သော ဂုဏ်သတ္တိကို ဆောင်ပေသည်။ သောက်သုံးရန် ကောင်းသော မည်သည့် အရည်ကိုမဆို **နုတ္တဖာဟ်** ဟုပင်ခေါ်၍၊ ၎င်းသည် ပင်လယ်ဟူသော အနက်ကိုလည်း ပေးပေသည်။ (တာရ်ဂျုအို–အာရှစ်ကျမ်း)

| | |
|---|---|
| | သော အရာများကိုလည်း ဖြစ်တည်စေတော်မူမည်ပင်။[၅၉၉] |
| ၉။<br><br>မဖြောင့်မှု | **وَعَلَى اللّهِ قَصْدُ السَّبِيلِ وَمِنْهَا جَآئِرٌ وَلَوْ شَاء لَهَدَاكُمْ أَجْمَعِينَ۝**<br>ပရမတ်ဘုရားရှင်၏ ဝန်တာမှာ လမ်းစဉ်များထဲ၌ ရှိနေသော **အဖုအထုံး**များကို ဖြောင့်မှန်စေရန် ဖြစ်၏၊ စံချိန်ပြည့်မှီခဲ့လျှင် အရှင်သည် သင်တို့အားလုံးကို လမ်းညွှန်တော်မူမည်ပင်။[၆၀၀] |
| ၁၀။ | **هُوَ الَّذِي أَنزَلَ مِنَ السَّمَاء مَاء لَّكُم مِّنْهُ شَرَابٌ وَمِنْهُ شَجَرٌ فِيهِ تُسِيمُونَ۝**<br>အရှင်သည် ကောင်းကင်ယံမှ မိုးရေကို သွန်းချစေလျှက်၊ ထိုမှ သင်တို့ သောက်သုံးရန်၊ ၎င်းဖြင့် အသုံးပြုခံ သစ်ပင်များကို ဖြစ်စေ၏။ |
| ၁၁။ | **يُنبِتُ لَكُم بِهِ الزَّرْعَ وَالزَّيْتُونَ وَالنَّخِيلَ وَالأَعْنَابَ وَمِن كُلِّ الثَّمَرَاتِ إِنَّ فِي ذَلِكَ لآيَةً لِّقَوْمٍ يَتَفَكَّرُونَ۝**<br>၎င်းဖြင့် သံလွင်ပင်များ၊ စွံပလွန်ပင်များ၊ စပျစ်ပင်များနှင့် သစ်သီးဝလံ အမျိုးမျိုးကို သင်တို့အဘို့ငှာ ရင့်သန်ကြီးထွားစေ၏၊ အတွေးအခေါ်ရှိသော လူမျိုးအတွက် ဤ၌ သက်သေလက္ခဏာ ရှိနေ၏။ |
| ၁၂။ | **وَسَخَّرَ لَكُمُ اللَّيْلَ وَالْنَّهَارَ وَالشَّمْسَ وَالْقَمَرَ وَالْنُّجُومُ مُسَخَّرَاتٌ بِأَمْرِهِ إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يَعْقِلُونَ۝**<br>အရှင်၏ စီမံချက်ဖြင့် ညနေ့၊ နေ၊ လ တို့ကို သင်တို့အတွက် အသုံးခံဖြစ်စေ၏။ ကြယ်တာရာများကိုလည်း အသုံးခံများဖြစ်စေ၏၊ သဘောပေါက်နိုင်အား ရှိသော လူမျိုးအတွက် ဤ၌ သက်သေလက္ခဏာ ရှိနေ၏။ |
| ၁၃။ | **وَمَا ذَرَأَ لَكُمْ فِي الأَرْضِ مُخْتَلِفًا أَلْوَانُهُ إِنَّ فِي ذَلِكَ لآيَةً لِّقَوْمٍ يَذَّكَّرُونَ۝**<br>သင်တို့အဘို့ရာ ကမ္ဘာမြေ၌ အသွေးအရောင် အမျိုးမျိုးကွဲပြားရာတို့ကို စီစဉ်ထား၏၊ သတိထားသော လူမျိုးအတွက် ဤ၌ သက်သေလက္ခဏာ ရှိနေ၏။ |
| ၁၄။ | **وَهُوَ الَّذِي سَخَّرَ الْبَحْرَ لِتَأْكُلُواْ مِنْهُ لَحْمًا طَرِيًّا وَتَسْتَخْرِجُواْ مِنْهُ حِلْيَةً تَلْبَسُونَهَا وَتَرَى الْفُلْكَ مَوَاخِرَ فِيهِ وَلِتَبْتَغُواْ مِن فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ۝**<br>အရှင်သည် ပင်လယ်သမုဒ္ဒရာကို အသုံးခံဖြစ်စေ၍၊ ထိုမှ လတ်ဆတ်သော အသားများကို စားသုံးဘို့ရာ ဖြစ်စေ၏၊ ဝတ်ဆင်ဘို့ရာ လက်ဝတ်ရတနာများကိုလည်း ထိုမှ ထုတ်ပေးတော်မူ၏၊ ထို၌ တွယ်ကပ်သွားလာသော ရေယာဉ်များကို မြင်နိုင်ရာ၏၊ သို့ဖြစ်၍ သင်တို့ ကျေးဇူးသိတတ်အံ့ငှာ ၎င်းမှ သိက္ခာများကို ရှာဖွေကြလော့။ |
| ၁၅။<br>တောင်များ<br>☆၁၅း၁၉ | **وَأَلْقَى فِي الأَرْضِ رَوَاسِيَ أَن تَمِيدَ بِكُمْ وَأَنْهَارًا وَسُبُلاً لَّعَلَّكُمْ تَهْتَدُونَ۝**<br>သင်တို့ကြောင့် ပြတ်ရွေ့ခြင်း မရှိစေရန် မြေပြင်၌ **သပ်မှို့များ**ကို ခင်းကျင်းထားတော်မူ၏၊☆ သင်တို့သည် လမ်းညွှန်ရအံ့သောငှာ မြစ်ကြောင်းများ၊ လမ်းကြောင်းများကိုတည်ထား၏။ |
| ၁၆။ | **وَعَلامَاتٍ وَبِالنَّجْمِ هُمْ يَهْتَدُونَ۝**<br>အသိသညာများ၊ ကြယ်တာရာများ၊ ၎င်းတို့သည် လမ်းညွှန်များ ဖြစ်ကြ၏။ |
| ၁၇။<br>☆၂း၂၁ | **أَفَمَن يَخْلُقُ كَمَن لاَّ يَخْلُقُ أَفَلا تَذَكَّرُونَ۝**<br>ဖြစ်တည်စေသော☆ အရှင်သည် ဖြစ်တည်ပေးခြင်း မပြုနိုင်သူ ကဲ့သို့ ဖြစ်သလော၊ သတိထားနိုင် ပါလေစ။ |

---

(၅၉၉) လူသားတို့ မသိနိုင်သေးသော စီးနင်းစရာများ နောက်ပိုင်းတွင်လည်း ဖြစ်လာဦးမည်ဟု ဤသုတ်တော်မှ ထင်ရှားစွာ ပြောထား ခဲ့ပေသည်။
(၆၀၀) ဤသုတ်တော်မှ လမ်းစဉ်တော်၌ ရှိနေသော အဖုအထုံးများ (ကောက်ကွေ့မှုများ) ဆိုသည်မှာ နဂိုမူလ ဥဏ်စဉ်ဆောင်များဖြင့် ကိန်းဝပ်ချမှတ်ပေးသော လမ်းစဉ်တိုင်းသည် ဖြောင့်မတ်လျှက် ရှိနေပြီး– နောက်ပိုင်းတွင် လူသာမန်တို့၏ စွပ်ဖက်မှုများကြောင့် ဖြောင့်မတ်မှု ကင်းလာခြင်းကို ဆိုလိုသည်။ သို့ဖြစ်၍ အလ္လာဟ်အရှင်က ဥဏ်စဉ်ဆောင်များ ပွင့်ပေါ်စေခြင်းဖြင့် မူရင်းဓမ္မအား ပြန်လည်ဖြောင့်မှန်စေခြင်း ဖြစ်သည်။

| | |
|---|---|
| ၁၈။ | **وَإِن تَعُدُّواْ نِعْمَةَ اللّهِ لاَ تُحْصُوهَا إِنَّ اللّهَ لَغَفُورٌ رَّحِيمٌ** ۞<br>ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုများကို ရေတွက်ခဲ့လျှင် အမှတ်စဉ်မှတ်နိုင်မည် မဟုတ်ချေ။ ကေန်ပင် ပရမတ် ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၉။ | **وَاللّهُ يَعْلَمُ مَا تُسِرُّونَ وَمَا تُعْلِنُونَ** ۞<br>ပရမတ်ဘုရားရှင်သည် ထိန်ဝှက်ထားရာ ဖွင့်ဟဝန်ခံရာများကို ကုန်စင်သိနေတော်မူ၏။ |
| ၂၀။<br><br>ကိုး ကွယ်ခံ | **وَالَّذِينَ يَدْعُونَ مِن دُونِ اللّهِ لاَ يَخْلُقُونَ شَيْئًا وَهُمْ يُخْلَقُونَ** ۞<br>ပရမတ်ဘုရားရှင်အား တုပြိုင်လျှက် **ဆုတောင်းခံ**များသည် တစ်စုံတစ်ရာကိုမျှ ဖြစ်တည်ပေးနိုင်ခြင်းမရှိ၊ သူတို့ သည်ပင် ဖြစ်တည်ခံများ ဖြစ်ကြလျှက်– |
| ၂၁။ | **أَمْواتٌ غَيْرُ أَحْيَاء وَمَا يَشْعُرُونَ أَيَّانَ يُبْعَثُونَ** ۞<br>သက်မဲ့များသာ ဖြစ်၍၊ အသက်ရှင်ခြင်း မရှိကြချေ၊ မည်သည့်အချိန်၌ သူတို့ နိုးထရမည်ကို သတိမူနိုင် စွမ်းမရှိချေ။[၆၀၁] |
| ၂၂။ | **إِلَهُكُمْ إِلَهٌ وَاحِدٌ فَالَّذِينَ لاَ يُؤْمِنُونَ بِالآخِرَةِ قُلُوبُهُم مُّنكِرَةٌ وَهُم مُّسْتَكْبِرُونَ** ۞<br>သင်တို့၏ ဘုရားရှင်မှာ ဧကောဒိ ဘုရားရှင် ဖြစ်၏၊ နောင်ဘဝအား မယုံကြည်သော သူတို့မှာ၊ သူတို့၏ နှလုံးသားသည် အငြင်းသန်နေကြ၍ မာန်မာနတက်နေကြ၏။ |
| ၂၃။ | **لاَ جَرَمَ أَنَّ اللّهَ يَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ إِنَّهُ لاَ يُحِبُّ الْمُسْتَكْبِرِينَ** ۞<br>အမှန်အကန်ပင်၊ ပရမတ်ဘုရားရှင်သည် ထိန်ဝှက်ထားရာများ ဖွင့်ဟဝန်ခံရာများကို သိနေတော်မူ၏၊ အရှင်သည် မာန်မာနက်တက်နေသူများကို နှစ်သက်တော် မမူပေ။ |
| ၂၄။ | **وَإِذَا قِيلَ لَهُم مَّاذَا أَنزَلَ رَبُّكُمْ قَالُواْ أَسَاطِيرُ الأَوَّلِينَ** ۞<br>သူတို့အား "သင်တို့၏ ကံကြမ္မာရှင်က ချမှတ်ပေးရာသည် မည်သည့်နည်း။"ဟု မေးမြန်းသော်၊ "ရှေးသရောအခါက ဒဏ္ဍာရီများသာ ဖြစ်၏၊"ဟု ဆိုကြလတ္တံ့။ |
| ၂၅။<br><br>✡ ၂၉:၁၃ | **لِيَحْمِلُواْ أَوْزَارَهُمْ كَامِلَةً يَوْمَ الْقِيَامَةِ وَمِنْ أَوْزَارِ الَّذِينَ يُضِلُّونَهُم بِغَيْرِ عِلْمٍ أَلاَ سَاء مَا يَزِرُونَ** ۞<br>ရပ်တည်မြဲမြံသောနေ့၌✡ သူတို့သည် သူတို့၏ ဝန်ထုပ် အပြည့်အဝနှင့် အသိပညာမဲ့စွာ သူတို့က လမ်းလွဲသို့ ပို့ခဲ့သူများ၏ ဝန်ထုပ်တစ်ချို့ကို ထမ်းဆောင်ရလတ္တံ့၊ ထိုဝန်ထုပ်များသည် အကုသိုလ် ဖြစ်၏။ |
| ၂၆။ | **قَدْ مَكَرَ الَّذِينَ مِن قَبْلِهِمْ فَأَتَى اللّهُ بُنْيَانَهُم مِّنَ الْقَوَاعِدِ فَخَرَّ عَلَيْهِمُ السَّقْفُ مِن فَوْقِهِمْ وَأَتَاهُمُ الْعَذَابُ مِنْ حَيْثُ لاَ يَشْعُرُونَ** ۞<br>သူတို့မတိုင်မီ မျိုးဆက်သည်လည်း ကြံစည်ခဲ့ကြပြီ၊ သို့သော် ပရမတ်ဘုရားရှင်သည် သူတို့၏ အဆောက်အအုံအား အုတ်မြစ်မှပင် ရုပ်သိမ်းလိုက်၍၊ သူတို့ပေါ်သို့ အပေါ်မိုးသည် အပေါ်မှ ပြုတ်ကျ၏၊ ဝဋ်ကြွေးသည် မည်သည့် နေရာမှ |

(၆၀၁) ဤသုတ်တော်တွင် ဖေါ်ပြသော သူတို့သည် (ကိုးကွယ်ခံများသည်) သက်မဲ့များသာ ဖြစ်ကြ၏ အသက်မရှိကြချေ၊ ဆိုသည်မှာ သက်မဲ့ ရုပ်ပွားဆင်းတုများကိုသာ ရည်ညွှန်းခြင်း မဟုတ်ချေ။ ယခင်သုတ်တော် (၂၀)တွင် ကိုးကွယ်ခံများကို **အလသီးန** ဟု ဆိုထားသောကြောင့် သက်ရှိ ကိုးကွယ်ခံ ဘာသာရေး လူတန်းစားများကို ဆိုလိုကြောင်း ထင်ရှားပေသည်။ သူတို့သည် မိရိုးဖလာထဲ၌ သာယာနေလျှက် အတွေးအခေါ်များ သေနေကြပြီး နောက်လိုက်ဒကာများ အတွက်လည်း မည်သည့် အကျိုးကိုမှ မသယ်ပိုးနိုင်ပေ။ လူထု၏ ဝန်ထုတ်ဝန်ပိုးများသာ ဖြစ်ပေသည်။ သူတို့ သည် မည်သည့်အခါတွင်မှ အတွေးအခေါ်သစ်များ ကိန်းဝပ်လာပြီး ပြန်လည်နိုးကြား လာနိုင်မည်ကို သူတို့ကိုယ် သူတို့ပင် မသိကြဘဲ အိပ်မောကျ နေသူများသာ ဖြစ်သည်ဟု ကျမ်းတော်က ထောက်ပြထားခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ပေးရောက်လာမည်ကို သတိမမူနိုင်ကြချေ။[၆၀၂] |
| ၂၇။ | ثُمَّ يَوْمَ الْقِيَامَةِ يُخْزِيهِمْ وَيَقُولُ أَيْنَ شُرَكَآئِيَ الَّذِينَ كُنتُمْ تُشَاقُّونَ فِيهِمْ قَالَ الَّذِينَ أُوتُواْ الْعِلْمَ إِنَّ الْخِزْيَ الْيَوْمَ وَالْسُّوءَ عَلَى الْكَافِرِينَ ۞<br>တဖန် ရပ်တည်မြဲမြံရသောနေ့၌ သူတို့အား အရှက်ရစေလျက် "ငါနှင့် တုပြိုင်ခဲ့သူများ အဘယ်မှာနည်း၊ သူတို့ဘက် မှ သင်တို့သည် သောင်းကျန်းခဲ့ကြသည် မဟုတ်လော၊"ဟု မေးမြန်းသော်၊ အသိပညာ ချီးမြှင့်ခံရသူများက "ဤနေ့တွင် ဖုံးကွယ်သူတို့အား အရှက်ရစေ၊ အကုသိုလ်သင့်စေပြီ၊"ဟု ဆိုကြ၏။ |
| ၂၈။<br>☆၄း၉၇ | الَّذِينَ تَتَوَفَّاهُمُ الْمَلائِكَةُ ظَالِمِي أَنفُسِهِمْ فَأَلْقَوُاْ السَّلَمَ مَا كُنَّا نَعْمَلُ مِن سُوءٍ بَلَى إِنَّ اللّهَ عَلِيمٌ بِمَا كُنتُمْ تَعْمَلُونَ ۞<br>မိမိတို့၏ စရိုက်များကို အမိုက်စီးနေစဉ် နိမိတ်ဆောင်များက သူတို့အား ဇီဝိန်ချွေပစ်ခဲ့သော်☆ "ကျွန်ုပ်တို့သည် ငြိမ်းချမ်းမှုပြု၏၊ အကုသိုလ်မှ ကျင့်ဆောင်ခဲ့ခြင်း မရှိပါ၊"ဟု ဆိုကြလတ္တံ့၊ အမှန်မှာ သင်တို့ ကျင့်ဆောင်သမျှကို ပရမတ်ဘုရားရှင်သည် ကေန် သိနေတော်မူ၏။ |
| ၂၉။ | فَادْخُلُواْ أَبْوَابَ جَهَنَّمَ خَالِدِينَ فِيهَا فَلَبِئْسَ مَثْوَى الْمُتَكَبِّرِينَ ۞<br>ထို့ကြောင့် ငရဲဘုံ၏ တံခါးမှ ဝင်၍၊ ထို၌ ကာလမဲ့ခံစားလော့၊ သို့– မာနတက်သူတို့အဘို့ နိမ့်ကျသော ခိုနားရာ ဖြစ်စေ၏။ |
| ၃၀။ | وَقِيلَ لِلَّذِينَ اتَّقَوْاْ مَاذَا أَنزَلَ رَبُّكُمْ قَالُواْ خَيْرًا لِّلَّذِينَ أَحْسَنُواْ فِي هَذِهِ الدُّنْيَا حَسَنَةٌ وَلَدَارُ الآخِرَةِ خَيْرٌ وَلَنِعْمَ دَارُ الْمُتَّقِينَ ۞<br>စည်းစောင့်သော သူတို့အား "သင်တို့၏ ကံကြမ္မာရှင်က ချမှတ်ပေးရာသည် မည်သည်နည်း၊"ဟု မေးမြန်းသော်၊ "ကောင်းမြတ်ခြင်းပင်၊"ဟု ဖြေကြားကြ၏။ ကောင်းမှုဆောင်သော သူများအတွက် ဤလောကီ၌ ကောင်းမွန်ခြင်း ရှိ၍၊ နောင်ဘဝ၏ ဘုံပြသဒ်သည် သာလွန်ကောင်းမြတ်၏၊ စည်းစောင့်သူများ၏ ဘုံပြသဒ်သည် ဂုဏ်ရှိလှ၏။ |
| ၃၁။ | جَنَّاتُ عَدْنٍ يَدْخُلُونَهَا تَجْرِي مِن تَحْتِهَا الأَنْهَارُ لَهُمْ فِيهَا مَا يَشَآؤُونَ كَذَلِكَ يَجْزِي اللّهُ الْمُتَّقِينَ ۞<br>သူတို့အား ဝင်စေမည့် တည်မြဲခြင်း သုခဘုံသည် အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေ၏၊ သူတို့နှစ်သက်ရာတိုင်း ထို၌ ရှိ၏၊ ဤသည် ပရမတ်ဘုရားရှင်က စည်းစောင့်သူများအား အကျိုးပြန်ဆပ်ခြင်း ဖြစ်၏။ |
| ၃၂။<br>☆၄း၉၇ | الَّذِينَ تَتَوَفَّاهُمُ الْمَلآئِكَةُ طَيِّبِينَ يَقُولُونَ سَلامٌ عَلَيْكُمُ ادْخُلُواْ الْجَنَّةَ بِمَا كُنتُمْ تَعْمَلُونَ ۞<br>နိမိတ်ဆောင်တို့က ဘဝပြောင်းစေသောအခါ☆ သန့်စင်သူများအား "သင်တို့သည် ငြိမ်းချမ်းကြပါစေ၊ သင်တို့၏ ကျင့်ဆောင်မှုများကြောင့် သုခဘုံသို့ ဝင်ကြလော့၊"ဟု ဆိုလတ္တံ့။ |
| ၃၃။<br>☆၁၅း၈ | هَلْ يَنظُرُونَ إِلاَّ أَن تَأْتِيَهُمُ الْمَلائِكَةُ أَوْ يَأْتِيَ أَمْرُ رَبِّكَ كَذَلِكَ فَعَلَ الَّذِينَ مِن قَبْلِهِمْ وَمَا ظَلَمَهُمُ اللّهُ وَلكِن كَانُواْ أَنفُسَهُمْ يَظْلِمُونَ ۞<br>သူတို့ထံသို့ နိမိတ်ဆောင်များအား ပေးရောက်လာမည်ကို စောင့်စားနေကြသလော၊☆ သို့မဟုတ် သင့်ကံကြမ္မာရှင်၏ စီမံချက်ကို ပေးရောက်စေရမည်လော၊ သူတို့မတိုင်မီ သူများလည်း ဤသို့ ကျင့်ဆောင်ခဲ့ပြီ။ ပရမတ်ဘုရားရှင်သည် သူတို့အား အမိုက်သင့်စေသည် မဟုတ် သူတို့၏စရိုက်ကိုသာ သူတို့ အမိုက်သင့်စေကြပြီ။ |

(၆၀၂) ဤသည် ပြုပြင်ပြောင်းလဲသူတို့အား ဒုက္ခပေးနေကြသူတို့ထံသို့ ဆိုက်ရောက်လာမည့် ဘေးအန္တရာယ်အကြောင်းကို နိမိတ်ပေးခြင်း ဖြစ်ပေသည်။ သူတို့မတိုင်မီ မျိုးဆက်များတွင်လည်း ပြုပြင်ရေး သမားများ ပေါ်ခဲ့၏၊ သို့သော် သူတို့သည် ပြုပြင်ခြင်း မရှိသောကြောင့် သားစဉ်မြေးဆက် နာမည်ပျက်နှင့်ပင် အခြေအမြစ်မဲ့သော ဘဝကို ရင်ဆိုင်ခဲ့ရပေပြီ။ ၈း၃၆ နှင့် ယှဉ်၍ လေ့လာနားလည်သင့်ပေသည်။

၃၄။ فَأَصَابَهُمْ سَيِّئَاتُ مَا عَمِلُواْ وَحَاقَ بِهِم مَّا كَانُواْ بِهِ يَسْتَهْزِؤُونَ

ကျင့်ဆောင်ခဲ့ရာ အကုသိုလ်များက သူတို့အား ထိခိုက်စေပြီ၊ သူတို့၏ လှောင်ပြောင်သရော်ခဲ့ရာများက သူတို့အား ပြတ်ဝိုင်းနေပြီ။

၃၅။ وَقَالَ الَّذِينَ أَشْرَكُواْ لَوْ شَاء اللّهُ مَا عَبَدْنَا مِن دُونِهِ مِن شَيْءٍ نَّحْنُ وَلا آبَاؤُنَا وَلاَ حَرَّمْنَا مِن دُونِهِ مِن
شَيْءٍ كَذَلِكَ فَعَلَ الَّذِينَ مِن قَبْلِهِمْ فَهَلْ عَلَى الرُّسُلِ إِلاَّ الْبَلاغُ الْمُبِينُ

ရောပြွန်းကိုးကွယ်သူများက "ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင်၊ ကျွန်ုပ်တို့နှင့် မိဘဘိုးဘွားတို့သည် အရှင်မှအပ အခြား တစ်စုံတစ်ရာကိုမှ ကိုးကွယ်မည် မဟုတ်ချေ၊ အရှင့်အား တုလျက် တစ်စုံတစ်ရာကိုမှလည်း တရားမဝင်ပြုခဲ့မည် မဟုတ်ချေ၊"ဟု ဆိုကြ၏၊[၆၀၃] သူတို့မတိုင်မီ သူတို့လည်း ဤအတိုင်း ကျင့်ဆောင်ခဲ့ပြီ။ ဥဇ္ဇာ်စဉ်ဆောင်များသည် ရှင်းလင်းချက်များအား ပို့ဆောင်ခြင်းမှအပ အခြားတာဝန် ရှိလေသလော။

၃၆။ وَلَقَدْ بَعَثْنَا فِي كُلِّ أُمَّةٍ رَّسُولاً أَنِ اعْبُدُواْ اللّهَ وَاجْتَنِبُواْ الطَّاغُوتَ فَمِنْهُم مَّنْ هَدَى اللّهُ وَمِنْهُم مَّنْ حَقَّتْ
عَلَيْهِ الضَّلالَةُ فَسِيرُواْ فِي الأَرْضِ فَانظُرُواْ كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ

မုချကေန် အသိုင်းအဝိုင်း ကိုယ်စီ၌ ဥဇ္ဇာ်စဉ်ဆောင် ပွင့်ပေါ်စေခဲ့၍၊ ပရမတ်ဘုရားအား ကိုးကွယ်စေလျက် ရုပ်ပွားဆင်းတုကို ရှောင်ကြဉ်စေခဲ့ပြီ၊ သူတို့အနက် ပရမတ်ဘုရားရှင်က လမ်းညွှန်ခဲ့သူများ ရှိ၍၊ သူတို့အနက် သူ့ကိုယ်သူ လမ်းလွဲ၌ ကပ်ငြိနေသူလည်း ရှိ၏၊ သို့ဖြစ်၍ ကမ္ဘာမြေအနှံ့ လှည့်လည်လျက်– ငြင်းဆန်သူများသည် မည်သို့ ဇာတ်သိမ်းသွားသည်ကို ကြည့်ရှုကြလော့။

၃၇။ إِن تَحْرِصْ عَلَى هُدَاهُمْ فَإِنَّ اللّهَ لاَ يَهْدِي مَن يُضِلُّ وَمَا لَهُم مِّن نَّاصِرِينَ

သူတို့အား ကြိုးစားပမ်းစား လမ်းညွှန်လိုသော်လည်း ပရမတ်ဘုရားရှင်က လမ်းမညွှန်လေလျှင် သူသည် လမ်းလွဲနေမည်ပင်၊ သူတို့အတွက် ကူညီနိုင်သူ မရှိချေ။[၆၀၄]

၃၈။ وَأَقْسَمُواْ بِاللّهِ جَهْدَ أَيْمَانِهِمْ لاَ يَبْعَثُ اللّهُ مَن يَمُوتُ بَلَى وَعْدًا عَلَيْهِ حَقًّا وَلكِنَّ أَكْثَرَ النَّاسِ لاَ يَعْلَمُونَ

ပရမတ်ဘုရားရှင်သည် သူသေများအား ပြန်လည် နိုးကြွစေမည်☆ မဟုတ်ဟု ပြင်းပြသော ကျိန်ဆိုခြင်းဖြင့် ပရမတ်
☆၇း၁၄ ဘုရားရှင်အား တိုင်တည်ကျမ်းကျိန်ကြ၏၊ အမှန်မှာ အရှင်၏ ကတိတော်သည် သစ္စာတရား ဖြစ်၏၊ သို့သော် လူသား အများစုကြီးမှာကား သိနိုင်ကြသည် မဟုတ်ချေ။

၃၉။ لِيُبَيِّنَ لَهُمُ الَّذِي يَخْتَلِفُونَ فِيهِ وَلِيَعْلَمَ الَّذِينَ كَفَرُواْ أَنَّهُمْ كَانُواْ كَاذِبِينَ

သူတို့၏ ငြင်းခုံကွဲလွဲနေခြင်းကို ရှင်းလင်းသွားရန်၊ ဖုံးကွယ်သော သူများအား သူတို့သည် ငြင်းဆန်မှု၌ ရှိနေသည်ကို သိရှိနိုင်ရန် အလို့ငှာ ဖြစ်၏။

၄၀။ إِنَّمَا قَوْلُنَا لِشَيْءٍ إِذَا أَرَدْنَاهُ أَن نَّقُولَ لَهُ كُن فَيَكُونُ
☆၂း၁၁၇

---

(၆၀၃) ရောပြွန်းကိုးကွယ်သူများက သူတို့၏ ယခုကျင့်ကြံနေသော အကျင့်အကြံသည် သူတို့ထံ၌ ပွင့်ပေါ်ခဲ့သော ဥဇ္ဇာ်စဉ်ဆောင် (ပညတ်ဘုရား) က ဟောကြားခဲ့သယောင် ပြောဆိုမှုမှာ လုံးဝ အမှားတရားသာ ဖြစ်ပေသည်။ မည်သည့် လူ့အသိုင်းအဝိုင်း (လူမျိုးများ) အတွက် ပွင့်ပေါ် ခဲ့သော ဥဇ္ဇာ်စဉ်ဆောင်သည်မှ ရောပြွန်းကိုးကွယ်နိုင်ကြောင်း ထောက်ခံဟောကြားခဲ့သည့် အထောက်အထားဟု တိကျခိုင်လုံစွာ မရှိပေ။ ထိုအတွက် သုတ်တော် ၃၈ တွင် ဥဇ္ဇာ်စဉ်ဆောင်များသည် ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြရန်၊ ရုပ်ပွားဆင်းတုများကို ရှောင်ကြဉ်ကြရန် ဟောကြားခဲ့ကြောင်း ပြောထားပေသည်။ **ပိဋကတော်၏ ဓမ္မပဒ ၁၈၈၊ ၁၈၉ တွင်လည်း တည်ထားကိုးကွယ်မှုများ "စေတီ၊" များကို ကိုးကွယ်ခြင်းကြောင့် ဘေးကင်းသော ကိုးကွယ်မှု မဟုတ်ကြောင်း** သွန်သင်ထားပေသည်။

(၆၀၄) ဤသုတ်တော်က အရာရာအား ဘုရားရှင်၌ လွှဲချထားရမည် လူသားတစ်ဦးအား လမ်းမညွှန်ရဟု တားမြစ်ထားခြင်း မဟုတ်ပေ၊ ဘုရားရှင်၏ အဆုံးအမကို အရေးမစိုက်ဘဲ မိမိ၏ ဒသနဖြင့် သူတစ်ပါးအား လမ်းညွှန်ခြင်းသည် လမ်းမှန်မဟုတ် ဟု ဆိုခြင်းပင် ဖြစ်ပေသည်။

| | |
|---|---|
| | ဖြစ်လိုရာအား ငါ၏ အဆိုအမိန့် "ဖြစ်၊"ဟု မိန့်ဆိုရုံမျှသာ၊ သို့ဖြင့် ဆင့်ကဲပြည့်စုံ ဖြစ်လာရမည်သာတည်း။☆ |
| ၄၁။ | **وَالَّذِينَ هَاجَرُواْ فِي اللّهِ مِن بَعْدِ مَا ظُلِمُواْ لَنُبَوِّئَنَّهُمْ فِي الدُّنْيَا حَسَنَةً وَلَأَجْرُ الآخِرَةِ أَكْبَرُ لَوْ كَانُواْ يَعْلَمُونَ۞**<br>မတရားညှဉ်းဆဲ ခံရခြင်းကြောင့် ပရမတ်ဘုရား၏ လမ်း၌ ပြောင်းရွှေ့ခဲ့ရသော သူတို့အတွက် ကောင်းမွန်သော လောကီ ဘဝကို ပေးအပ်တော်မူမည်၊ နောင်ဘဝ၏ အကျိုးရလဒ်သည် ပိုမိုကြီးကျယ်၏၊ သိနိုင်ကြပါလေစ။ |
| ၄၂။ | **الَّذِينَ صَبَرُواْ وَعَلَى رَبِّهِمْ يَتَوَكَّلُونَ۞**<br>သည်းခံသော သူများနှင့် သူတို့၏ကံကြမ္မာရှင်၌ စည်းစောင့်ကြသောကြောင့် ဖြစ်၏။ |
| ၄၃။<br>ကျမ်းစာ | **وَمَا أَرْسَلْنَا مِن قَبْلِكَ إِلاَّ رِجَالاً نُّوحِي إِلَيْهِمْ فَاسْأَلُواْ أَهْلَ الذِّكْرِ إِن كُنتُمْ لاَ تَعْلَمُونَ۞**<br>သင့်မတိုင်မီ ငါ အာရုံစူးနှစ်ဝင်စေလျက် စေစားသူများမှာ လူသားစင်စစ်များသာ ဖြစ်၏၊[၆၀၅] သင်မသိလေလျှင် **သတိပေးတရား** ရှိသူများကို မေးမြန်းလော့။ |
| ၄၄။<br>☆၁၇:၅၅<br>ကုရ်အံ | **بِالْبَيِّنَاتِ وَالزُّبُرِ وَأَنزَلْنَا إِلَيْكَ الذِّكْرَ لِتُبَيِّنَ لِلنَّاسِ مَا نُزِّلَ إِلَيْهِمْ وَلَعَلَّهُمْ يَتَفَكَّرُونَ۞**<br>ရှင်းလင်းချက်များ၊ ကျမ်းငယ်များအားဖြင့်☆ သူတို့ထံသို့ ချမှတ်ပေးရာအား သူတို့ စဉ်းစားသုံးသပ်အံ့ငှာ သင့်အား **သတိဖေါ်ခြင်း**ကို ငါ ချမှတ်ပေးပြီ။ |
| ၄၅။ | **أَفَأَمِنَ الَّذِينَ مَكَرُواْ السَّيِّئَاتِ أَن يَخْسِفَ اللّهُ بِهِمُ الأَرْضَ أَوْ يَأْتِيَهُمُ الْعَذَابُ مِنْ حَيْثُ لاَ يَشْعُرُونَ۞**<br>အကုသိုလ် ကြံစည်မှုများက၊ သူတို့အတွက် ပရမတ်ဘုရားရှင်သည် သူတို့ကို မြေကမ္ဘာ၏ မြိုချခြင်းမှ ဖြစ်စေ၊ မည်သည့် နေရာမှာ ပေးရောက်လာမည်ဟု သတိမမူနိုင်သော ဝဋ်ကြွေးမှ ဖြစ်စေ လုံခြုံစိတ်ချရသလော။[၆၀၆] |
| ၄၆။ | **أَوْ يَأْخُذَهُمْ فِي تَقَلُّبِهِمْ فَمَا هُم بِمُعْجِزِينَ۞**<br>သို့မဟုတ် သူတို့မိန်းမောနေစဉ်[၆၀၇] သူတို့အား သုတ်ငင်ခံရခြင်းမှ ရုန်းထွက်နိုင်မည် မဟုတ်ချေ။ |
| ၄၇။ | **أَوْ يَأْخُذَهُمْ عَلَى تَخَوُّفٍ فَإِنَّ رَبَّكُمْ لَرَؤُوفٌ رَّحِيمٌ۞**<br>သို့မဟုတ် သူတို့သည် ကြောက်ရွံ့စိုးရိမ်နေစဉ်တွင် သုတ်ငင်ခံရနိုင်၏၊ သင်၏ကံကြမ္မာရှင်သည် သက်ညှာသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၄၈။ | **أَوَ لَمْ يَرَوْاْ إِلَى مَا خَلَقَ اللّهُ مِن شَيْءٍ يَتَفَيَّأُ ظِلاَلُهُ عَنِ الْيَمِينِ وَالْشَّمَآئِلِ سُجَّدًا لِلّهِ وَهُمْ دَاخِرُونَ۞**<br>ပရမတ်ဘုရားရှင်က ဖြစ်တည်စေသော အရာ အလုံးစုံကို သင် မမြင်နိုင်သလော၊ ၎င်းတို့သည် နှိမ့်ချဝပ်တွားလျက် ၎င်းတို့၏ အရိပ်များ ဘယ်သို့၊ ညာသို့ ယိမ်းညွတ်ကာ ပရမတ်ဘုရားရှင်အား ဦးချနေကြ၏။ |

**(၆၀၅)** ပရမတ်ဘုရားရှင် (အလ္လာဟ်) က ဝဟီ (သဗ္ဗညုဉာဏ်) ကိန်းဝပ်စေသော ပုဂ္ဂိုလ်များမှာ ရာဇဝင်လာ နတ်များ၊ ဂျင်များ မဟုတ်ပေ။

**(၆၀၆)** ဤသုတ်တော်မှ "မြေကမ္ဘာ၏ မြိုခြင်း (မြေမြိုခြင်း)" ဆိုသည်မှာ ဒဏ္ဍာရီလာ စကားလုံး ကမ္ဘာမြေ အက်ကွဲလာလျှက် မြိုချလိုက်သည် ဟု ဆိုလိုခြင်း မဟုတ်ပေ။ အာရ်ဗီဝေါဟာရ **ခဆ်ဖ်** သည် မြိုချသည်၊ ပျောက်ကွယ်စေသည် ဟု ဖြစ်၍ သြဇာအာဏာ တိမ်ကောမေးမှိန်ရခြင်းများကို တင်စားပြောဆိုလေ့ရှိသော စကားလုံး ဖြစ်ပေသည်။ ထို့ကြောင့် ဤဝါကျ၏ အနက်မှာ ဘုရားရှင်က သူတို့၏ အာဏာ၊ သူတို့၏ ဓလေ့ဆိုးကို မှေးမှိန်ပျောက်ကွယ်စေမည်၊ သို့မဟုတ် တိမ်ကောပပျောက် ခေတ်နောက်ကျသွားစေမည် ဟု ဆိုခြင်း ဖြစ်ပေသည်။

**(၆၀၇)** ဤသုတ်တော်မှာ စကားလုံး **တုကလ်လိဘု** ကို အချို့ဆရာတော်များက "ဟိုဟိုဒီဒီသွားလာသော ခရီး၌ ရှိစဉ်၊"ဟု လည်းကောင်း အချို့က အိပ်မောကျနေစဉ်ဟု လည်းကောင်း ဘာသာပြန်ဆိုကြပေသည်။ ထိုစကားလုံးကို ကျမ်းတော်၏ ၂း၁၄၄ တွင် ကိုယ်တော်သည် စိတ်ငြိမ်စွာဖြင့် တောင့်တရည်မျှော်နေသည် ဟု သည့် အဓိပ္ပါယ်ကိုဆောင်သော **မျှော်ကိုးနေသည်**ဟု တွေ့ရပေသည်။ ဤသုတ်တော်တွင် ဆိုလိုသည်မှာ လူမျိုးတစ်မျိုးသည် မိမိ၏ အယူဝါဒ၌ သို့မဟုတ် မိမိ၏ စီးပွားရမက်၌ စုန်းစုန်းမြုပ်နေလျှက် အပြင်လောကကို မေ့လျော့လျှက်နေစဉ်ဟု ဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာတွင် "မိန်းမောနေစဉ်၊"ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၄၉။ | وَلِلّهِ يَسْجُدُ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ مِن دَآبَّةٍ وَالْمَلآئِكَةُ وَهُمْ لاَ يَسْتَكْبِرُونَ۞<br>မိုးများအတွင်း မြေအတွင်း ရှိသမျှ သတ္တဝါအပေါင်းနှင့် နိမိတ်ဆောင်တို့၏ ဦးချရှိကိုးမှုသည် ပရမတ်ဘုရားရှင် အတွက်သာ ဖြစ်၏။ သူတို့သည် မာနတက်မနေကြချေ။ |
| ၅၀။ | يَخَافُونَ رَبَّهُم مِّن فَوْقِهِمْ وَيَفْعَلُونَ مَا يُؤْمَرُونَ۞<br>သူတို့ထက် မြင့်မြတ်သော ကံကြမ္မာရှင်အား ကြောက်ရွံ့ရှိကိုးကြ၏၊ သူတို့အား စီမံမိန့်ဆိုသည်ကို ကျင့်ဆောင်ကြ၏။ |
| ၅၁။ | وَقَالَ اللّهُ لاَ تَتَّخِذُواْ إِلـهَيْنِ اثْنَيْنِ إِنَّمَا هُوَ إِلهٌ وَاحِدٌ فَإيَّايَ فَارْهَبُونِ۞<br>ပရမတ်ဘုရားရှင်က "ဘုရား နှစ်ဆူဟု အယူမထားကြလင့်၊ အရှင်သည် တစ်ပါးတည်းသာ ဖြစ်၏၊ ငါ့ကိုသာ ကျိုးနွံနာခံ ကိုးကွယ်ကြလော့၊"ဟု မိန့်တော်မူ၏။ |
| ၅၂။ | وَلَهُ مَا فِي الْسَّمَاوَاتِ وَالأَرْضِ وَلَـهُ الدِّينُ وَاصِبًا أَفَغَيْرَ اللّهِ تَتَّقُونَ۞<br>မိုးများနှင့် မြေကမ္ဘာတွင် ရှိသမျှသည် အရှင်၏ အချုပ်အခြာ၌ ရှိ၍၊ သာသနာတော်သည် အရှင်၏ အချုပ်အခြာ၌ရှိ၏၊ ထို့ကြောင့် ပရမတ်ဘုရားရှင်မှအပ စည်းစောင့် အားထားရာရှိသလော။ |
| ၅၃။ | وَمَا بِكُم مِّن نِّعْمَةٍ فَمِنَ اللّهِ ثُمَّ إِذَا مَسَّكُمُ الضُّرُّ فَإِلَيْهِ تَجْأَرُونَ۞<br>သင်တို့အတွက် ဂုဏ်ပေးမှုသည် ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်ခဲ့သော်လည်း၊ ထို့နောက် ဘေးဒုက္ခ ထိသောအခါမှ အရှင့်ဘက်သို့ အော်ဟစ်တောင်းခံကြသလော။ |
| ၅၄။ | ثُمَّ إِذَا كَشَفَ الضُّرَّ عَنكُمْ إِذَا فَرِيقٌ مِّنكُم بِرَبِّهِمْ يُشْرِكُونَ۞<br>တဖန် သင်တို့၏ ဒုက္ခကို ပေ့ါစေသောအခါ၊ သင်တို့မှ တစ်စုသည် သူတို့၏ ကံကြမ္မာရှင်နှင့် ရောပြွန်းကိုးကွယ်ရာပြု၏။ |
| ၅၅။ | لِيَكْفُرُواْ بِمَا آتَيْنَاهُمْ فَتَمَتَّعُواْ فَسَوْفَ تَعْلَمُونَ۞<br>သူတို့အား ငါ ပေးအပ်သည်ကို ဖုံးကွယ်ရန် အလို့ငှာ ဖြစ်၏၊ သို့– သာယာနေပါစေ၊ မကြာမီ သိကြရလတ္တံ့။ |
| ၅၆။<br>☆ဘုရားတုများ | وَيَجْعَلُونَ لِمَا لاَ يَعْلَمُونَ نَصِيبًا مِّمَّا رَزَقْنَاهُمْ تَاللّهِ لَتُسْأَلُنَّ عَمَّا كُنتُمْ تَفْتَرُونَ۞<br>ငါ ရိက္ခာထောက်ရာမှ သူတို့မသိသော အရာများကို☆ ပြုလုပ် ကူညီကြ၏၊ ပရမတ်ဘုရားရှင်အား တိုင်တည်လျှက်– သင်တို့၏ ဖန်တီးမှုများနှင့် စပ်လျှဉ်း၍ မေးမြန်းစစ်ဆေးလိမ့်မည်။ |
| ၅၇။<br>☆<br>၄း၁၁၇ | وَيَجْعَلُونَ لِلّهِ الْبَنَاتِ سُبْحَانَهُ وَلَهُم مَّا يَشْتَهُونَ۞<br>ပရမတ်ဘုရားရှင်၌ သမီးများရှိသည်ဟု စီမံကြ၏။ အရှင်သည် အစိန္တေယျဖြစ်တော်မူ၍၊ သူတို့သည်ကား စိတ်ကြိုက် တွေးထင်နေကြ၏။☆ |
| ၅၈။ | وَإِذَا بُشِّرَ أَحَدُهُمْ بِالأُنثَى ظَلَّ وَجْهُهُ مُسْوَدًّا وَهُوَ كَظِيمٌ۞<br>သူတို့မှ တစ်စုံတစ်ယောက်အား သမီးရတနာရကြောင်း သတင်းကောင်းပါးသော်၊ မျက်နှာမသာ မဲသွား၏၊ သူသည် အမျက်ထောင်းထောင်းထွက်၏။ |

| | |
|---|---|
| ၅၉။ | **يَتَوَارَى مِنَ الْقَوْمِ مِن سُوءِ مَا بُشِّرَ بِهِ أَيُمْسِكُهُ عَلَى هُونٍ أَمْ يَدُسُّهُ فِي التُّرَابِ أَلاَ سَاء مَا يَحْكُمُونَ ۞**<br>ထိုသတင်းအား အကုသိုလ် ဟု သူ့လူမျိုးမှ အမြင်မခံရဲ ဖြစ်၏၊ ၎င်းအား မကြည်ဖြူစွာ ပြုစုထားမည်လော မြေမှုန့်ထဲတွင် မြှုပ်ပစ်မည်လော–၊ အဆုံးအဖြတ်များသည် အကုသိုလ်သာ ဖြစ်၏။[၆၀၈] |
| ၆၀။ | **لِلَّذِينَ لاَ يُؤْمِنُونَ بِالآخِرَةِ مَثَلُ السَّوْءِ وَلِلّهِ الْمَثَلُ الأَعْلَىَ وَهُوَ الْعَزِيزُ الْحَكِيمُ ۞**<br>နောင်ဘဝအား မယုံကြည်သော သူတို့၏ ဥပမာသည် အကုသိုလ်ဖြစ်၍၊ ပရမတ်ဘုရားရှင်၏ ဥပမာသည် မြင့်မြတ်လှပေ၏၊ အရှင်သည် ဘုန်းတော်အရှင်၊ အဆုံးအဖြတ်ရှင် ဖြစ်တော်မူ၏။ |
| ၆၁။<br>☆၇:၃၄ | **وَلَوْ يُؤَاخِذُ اللّهُ النَّاسَ بِظُلْمِهِم مَّا تَرَكَ عَلَيْهَا مِن دَآبَّةٍ وَلَكِن يُؤَخِّرُهُمْ إلَى أَجَلٍ مُّسَمًّى فَإِذَا جَاء أَجَلُهُمْ لاَ يَسْتَأْخِرُونَ سَاعَةً وَلاَ يَسْتَقْدِمُونَ ۞**<br>ပရမတ်ဘုရားရှင်သည် လူသားတို့၏ အမိုက်သင့်နေမှုကြောင့် သုတ်သင်ခဲ့ပြီး ဖြစ်လျှင်၊ မပျက်သုန်းသွားသော သတ္တဝါဟူ၍ မရှိပြီ၊ သို့သော် ၎င်းတို့အား ချိန်းချက် သတ်မှတ်သောကာလသို့ နောက်ရွှေ့ပေးနေ၏၊ သတ်မှတ်ချိန် ရောက်လာလျှင် တစ်နာရီမျှပင် ဆုတ်၍ တိုး၍ မရနိုင်ချေ။☆ |
| ၆၂။ | **وَيَجْعَلُونَ لِلّهِ مَا يَكْرَهُونَ وَتَصِفُ أَلْسِنَتُهُمُ الْكَذِبَ أَنَّ لَهُمُ الْحُسْنَى لاَ جَرَمَ أَنَّ لَهُمُ الْنَّارَ وَأَنَّهُم مُّفْرَطُونَ ۞**<br>သူတို့မနှစ်ခြိုက်သော အရာများကို ပရမတ်ဘုရားရှင် အတွက်ဟု ပြုလုပ်ကြ၍၊ အကောင်းဆုံးများကို သူတို့အတွက်ဟု သူတို့၏နှုတ်လျှာသည် လိမ်လည်ကြ၏၊ မယုံမရှိနှင့် သူတို့အတို့ အပူမီးသာ ရှိ၏၊ သူတို့သည် လစ်ဟင်းသူများ ဖြစ်၏။ |
| ၆၃။<br>မကောင်းဆိုးဝါး | **تَاللّهِ لَقَدْ أَرْسَلْنَا إِلَى أُمَمٍ مِّن قَبْلِكَ فَزَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ فَهُوَ وَلِيُّهُمُ الْيَوْمَ وَلَهُمْ عَذَابٌ أَلِيمٌ ۞**<br>ပရမတ်ဘုရားရှင်အား တိုင်တည်လျက်၊ သင်မတိုင်မီ အသိုင်းအဝိုင်းများထံသို့လည်း ငါ၏စေစားခြင်းကိုပြုခဲ့ပြီ။ သူတို့အား မကောင်းဆိုးဝါးက သူတို့၏ ကျင့်ဆောင်မှုကို တင့်တယ်ဟန်ပြုထား၏၊ ဤနေ့၌ **သူ**သည် သူတို့အတွက် ကွပ်ကဲသူ ဖြစ်၏၊ သူတို့အတွက် နာကျင်သော ဝဋ်ကြွေးသည် ရှိနေပြီ။ |
| ၆၄။ | **وَمَا أَنزَلْنَا عَلَيْكَ الْكِتَابَ إِلاَّ لِتُبَيِّنَ لَهُمُ الَّذِي اخْتَلَفُواْ فِيهِ وَهُدًى وَرَحْمَةً لِّقَوْمٍ يُؤْمِنُونَ ۞**<br>ငြင်းခုံကွဲလွဲနေကြသော သူများအား ရှင်းလင်းချက်ပေးရန်၊ လမ်းညွှန်ပေးရန်၊ ယုံကြည်သော လူမျိုးအား ကရုဏာ သက်ရန်သာ ငါသည် သင့်အား ဤကျမ်းတော်ကို ချမှတ်ပေးပြီ။ |
| ၆၅။ | **وَاللّهُ أَنزَلَ مِنَ الْسَّمَاء مَاء فَأَحْيَا بِهِ الأَرْضَ بَعْدَ مَوْتِهَا إِنَّ فِي ذَلِكَ لآيَةً لِّقَوْمٍ يَسْمَعُونَ ۞**<br>သေနေပြီးသော မြေကမ္ဘာအား ရှင်ပြန်လာစေရန် ပရမတ်ဘုရားရှင်သည် ကောင်းကင်ယံမှ မိုးရေကို သွန်းချစေတော်မူ၏၊ နားလည်နိုင်စွမ်းရှိသော လူမျိုးအတွက် ဤ၌ လက္ခဏာရပ် ရှိနေ၏။ |
| ၆၆။ | **وَإِنَّ لَكُمْ فِي الأَنْعَامِ لَعِبْرَةً نُّسْقِيكُم مِّمَّا فِي بُطُونِهِ مِن بَيْنِ فَرْثٍ وَدَمٍ لَّبَنًا خَالِصًا سَآئِغًا لِلشَّارِبِينَ ۞** |

---

(၆၀၈) သမီးမိန်းကလေး မွေးလာလျှင် အကုသိုလ်ဟုလည်းကောင်း၊ မိန်ကလေးသည် ယောကျ်ားလေးလောက် မမြတ်ဟူသော အယူကိုလည်းကောင်း အစ္စလာမ်သာသနာက လုံးဝ လက်မခံကြောင်းကို ဤသုတ်တော်က အတိအကျကြေငြာသည်။ ဤသုတ်တော်ကို စတင်ကြေငြာသော လွန်ခဲ့သည် နှစ် ၁၅၀၀ (အေဒီ ၆၀၀ မတိုင်မီ)က အာရ်ရပ်လူမျိုးများသည် သမီးမိန်းကလေး မွေးဘွားလာလျှင် ဂုဏ်ဆိုးဝင်သည်ဟု အယူထားလျက် မွေးလာသော ကလေးများကို လူသိမခံဘဲ အရှင်လတ်လတ် မြေမြှုပ်သဂြိုလ်ပစ်လေ့ရှိသည်၊ မလှဲမရှောင်သာ မွေးရလျှင်လည်း ကြည်ကြည်ဖြူဖြူ မရှိခဲ့ချေ။ အထူးသဖြင့် ခေါင်းဆောင်များ၏ အသိုင်းဝိုင်းတွင် ပို၍ ဆိုးဝါးပေသည်၊ ထိုသို့ အရိုးစွဲ မိရိုးဖလာ အယူကြီးအား အစ္စလာမ်သာသနာက အမုန်းခံ၍ ချေဖျက်ပစ်လိုက်ပေသည်။ သို့သော်လည်း မူဆလင်ခေါင်းစဉ်အောက်၌ ရှိနေသော လူသားတစ်ချို့မှာ ယခုခေတ်တိုင် မိန်းကလေးများအား အကြောင်းပြချက် မျိုးစုံဖြင့် ဖိနှိပ်နေမှုများကို ဝမ်းနည်းဘွယ် တွေ့ရဆဲ ဖြစ်ပေသည်။ ထို့ကြောင့် ကျမ်းတော်က အစ္စလာမ်သာသနာဝင်များကိုပင် အစ္စလာမ်သို့ ယတိပြတ်ဝင်ကြလော့ ဟု ထပ်ပြန်တလဲလဲ သတိပေးနေပေသည်။

| | |
|---|---|
| | ကေန်ပင်၊ ခွာကွဲစားမြံပြန် တိရိစ္ဆာန်များ၌ သင်တို့အတွက် သခ်ိန်းစာတစ်ရပ် ရှိနေ၏၊ ၎င်း၏ ဝမ်းတွင်း အစာဟောင်း အိမ်နှင့် အသွေးကြားမှ သောက်သုံးသူတို့ အရသာတွေ့စေသော သောက်ရန် နို့ရည်သန့်ကို သင်တို့ အတွက် ရစေ၏။ |
| ၆၇။ | وَمِن ثَمَرَاتِ النَّخِيلِ وَالأَعْنَابِ تَتَّخِذُونَ مِنْهُ سَكَرًا وَرِزْقًا حَسَنًا إِنَّ فِي ذَلِكَ لآيَةً لِّقَوْمٍ يَعْقِلُونَ۞<br>စွံပလွန် စပျစ်စသော သစ်သီးဝလံများမှ သင်တို့သည် မူးယစ်ရည်နှင့် ကောင်းမွန်သော ရိက္ခာများကို ရယူကြ၏၊ အသွေးအခေါ်ရှိသော လူမျိုးအတွက် ဤ၌ လက္ခဏာတစ်ရပ် ရှိနေ၏။ |
| ၆၈။<br>ပျားအုံ | وَأَوْحَى رَبُّكَ إِلَى النَّحْلِ أَنِ اتَّخِذِي مِنَ الْجِبَالِ بُيُوتًا وَمِنَ الشَّجَرِ وَمِمَّا يَعْرِشُونَ۞<br>ထို့ပြင် သင့်ကံကြမ္မာရှင်သည် ပျားအား အာရုံသွင်းပေးသည်မှာ တောင်များ သစ်ပင်များ၊ အဆောက်အအုံများ၌ **အိမ်**များ ဆောက်ကြလော့၊[၆၀၉] |
| ၆၉။ | ثُمَّ كُلِي مِن كُلِّ الثَّمَرَاتِ فَاسْلُكِي سُبُلَ رَبِّكِ ذُلُلاً يَخْرُجُ مِن بُطُونِهَا شَرَابٌ مُّخْتَلِفٌ أَلْوَانُهُ فِيهِ شِفَاء لِلنَّاسِ إِنَّ فِي ذَلِكَ لآيَةً لِّقَوْمٍ يَتَفَكَّرُونَ۞<br>ထို့နောက် သစ်သီးဝလံမျိုးစုံမှ စားသုံးလော့၊ သင့်ကံကြမ္မာရှင်၏ လမ်းစဉ်ပေါ်၌ လိုက်နာ ကျက်စားကြလော့၊ သူတို့၏ ဝမ်းတွင်းမှ သောက်သုံးရန် အသွေးအရောင် အမျိုးမျိုးကို ထုတ်ပေး၏၊ ထို၌ လူသားတို့အတွက် ဆေးကောင်းတလက် ဖြစ်စေ၏၊ ကေန်ပင် စီစစ်သုံးသပ်သော လူမျိုးအတွက် ဤ၌ လက္ခဏာတစ်ရပ် ရှိနေ၏။ |
| ၇၀။ | وَاللّهُ خَلَقَكُمْ ثُمَّ يَتَوَفَّاكُمْ وَمِنكُم مَّن يُرَدُّ إِلَى أَرْذَلِ الْعُمُرِ لِكَيْ لاَ يَعْلَمَ بَعْدَ عِلْمٍ شَيْئًا إِنَّ اللّهَ عَلِيمٌ قَدِيرٌ۞<br>ပရမတ်ဘုရားရှင်သည် သင်တို့အား ဖြစ်တည်စေ၏၊ ထို့နောက် သေဆုံးစေ၏၊ သင်တို့အထဲမှ သက်တမ်းရင့် အိုမင်းချိန်နဲ့လျှက် အသိဉာဏ်ရှိ ခဲ့သော်လည်း စိုးစဉ်းမျှ မသိနိုင်တော့သည့် သူလည်း ရှိစေ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် စည်းချိန်ပြဋ္ဌာန်းသော အရှင် ဖြစ်တော်မူ၏။ |
| ၇၁။<br>☆၂း၃ | وَاللّهُ فَضَّلَ بَعْضَكُمْ عَلَى بَعْضٍ فِي الْرِّزْقِ فَمَا الَّذِينَ فُضِّلُواْ بِرَآدِّي رِزْقِهِمْ عَلَى مَا مَلَكَتْ أَيْمَانُهُمْ فَهُمْ فِيهِ سَوَاء أَفَبِنِعْمَةِ اللّهِ يَجْحَدُونَ۞<br>ပရမတ်ဘုရားရှင်သည် သင်တို့မှ အချို့ကို အချို့ထက် ရိက္ခာထောက်☆ သိက္ခာပေးခဲ့၏၊ ထို သိက္ခာရသော သူများသည် ရိက္ခာများကို သူတို့၏ လက်အောက်ငယ်သားများနှင့် ညီတူညီမျှ မျှဝေခံစားလိုခြင်း မရှိချေ၊ ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ပုန်ကန်ကြသလော။ |
| ၇၂။<br>☆၂း၂၅ | وَاللّهُ جَعَلَ لَكُم مِّنْ أَنفُسِكُمْ أَزْوَاجًا وَجَعَلَ لَكُم مِّنْ أَزْوَاجِكُم بَنِينَ وَحَفَدَةً وَرَزَقَكُم مِّنَ الطَّيِّبَاتِ أَفَبِالْبَاطِلِ يُؤْمِنُونَ وَبِنِعْمَتِ اللّهِ هُمْ يَكْفُرُونَ۞<br>ပရမတ်ဘုရားရှင်သည် သင်တို့၏ စရိုက်တူထဲမှပင် အစုအဖေါ်ကို☆ စီမံပေးတော်မူ၏၊ သင်တို့၏ ပေါင်းဖေါ်များမှ သင်တို့အတွက် သားသမီး၊ မြေးမြစ်များကို စီမံပေးတော်မူ၍၊ သင်တို့အတွက် သန့်စင်သော ရိက္ခာများကိုပေး၏၊ ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ဖုံးကွယ်လျှက် မိစ္ဆာတရားကို ယုံကြည်ကြမည်လော။ |
| ၇၃။ | وَيَعْبُدُونَ مِن دُونِ اللّهِ مَا لاَ يَمْلِكُ لَهُمْ رِزْقًا مِّنَ السَّمَاوَاتِ وَالأَرْضِ شَيْئًا وَلاَ يَسْتَطِيعُونَ۞<br>သို့ပါလျှက် မိုးများနှင့် မြေကမ္ဘာမှ သူတို့အတွက် ရိက္ခာထောက်ခွင့် အခွင့်အာဏာ တစ်စုံတစ်ရာမရှိ၊ အစွမ်းအစမရှိသော အရာတို့အား ပရမတ်ဘုရားရှင်နှင့် တုပြိုင်လျှက် ကိုးကွယ်နေကြ၏။ |

(၆၀၉) ဤသုတ်တော်က– ပျားသတ္တဝါကိုလည်း ပရမတ်ဘုရားရှင်က ဉာဏ်စဉ်ကိန်းသက်ပေးကြောင်းကို ထင်ရှားစွာ ပြဆိုသည်၊ ထို့ကြောင့် စကြာဝဠာတွင်း၌ ဉာဏ်စဉ်မကိန်းသက်သော အရာဟူ၍ မရှိကြောင်း။ အရှင်၏ ဉာဏ်စဉ်တော်မှာ ကွန့်မြူးဖြန့်ကျက်လျှက်ရှိကြောင်းကို ရှင်းလင်းစွာ သိနိုင်ပေသည်။

၇၄။ فَلاَ تَضْرِبُواْ لِلّهِ الأَمْثَالَ إِنَّ اللّهَ يَعْلَمُ وَأَنتُمْ لاَ تَعْلَمُونَ۞

ပရမတ်ဘုရားရှင်အား ပမာတူ ဥပမာမပြုကြနှင့်၊ ပရမတ်ဘုရားရှင်သည် သင်တို့ မသိသည်ကို ကေန် သိနေတော်မူ၏။

၇၅။ ضَرَبَ اللّهُ مَثَلاً عَبْدًا مَّمْلُوكًا لاَّ يَقْدِرُ عَلَى شَيْءٍ وَمَن رَّزَقْنَاهُ مِنَّا رِزْقًا حَسَنًا فَهُوَ يُنفِقُ مِنْهُ سِرًّا وَجَهْرًا هَلْ يَسْتَوُونَ الْحَمْدُ لِلّهِ بَلْ أَكْثَرُهُمْ لاَ يَعْلَمُونَ۞

ပရမတ်ဘုရားရှင်က တစ်စုံတစ်ရာမျှ စည်းချိန်ချနိုင်ခြင်း မရှိစေသော[၆၀၀] လက်အောက်ဝန်ထမ်းနှင့်၊ ငါအရှင်က ကောင်းမွန်သော ရိက္ခာဖြင့် ရိက္ခာထောက်သောကြောင့် သိုသိုသိပ်သိပ်ဖြစ်စေ၊ လူသိရှင်ကြားဖြစ်စေ ပေးဝေလှူဒါန်းသောသူ ထိုသူတို့သည် ထပ်တူထပ်မျှ ဖြစ်သလောဟု ပမာပြ ဥပမာပေး၏။ ရည်သန်စူးစိုက်မှုတည်ရာသည် ပရမတ်ဘုရားရှင်၌ ဖြစ်၏။ အမှန်မှာ သူတို့မှ အများစုသည် မသိစွမ်းနိုင်ကြချေ။

၇၆။ وَضَرَبَ اللّهُ مَثَلاً رَّجُلَيْنِ أَحَدُهُمَا أَبْكَمُ لاَ يَقْدِرُ عَلَىَ شَيْءٍ وَهُوَ كَلٌّ عَلَى مَوْلاهُ أَيْنَمَا يُوَجِّههُّ لاَ يَأْتِ بِخَيْرٍ هَلْ يَسْتَوِي هُوَ وَمَن يَأْمُرُ بِالْعَدْلِ وَهُوَ عَلَى صِرَاطٍ مُّسْتَقِيمٍ۞

ပရမတ်ဘုရားရှင်သည် လူနှစ်ဦးကို ပမာပေး ဥပမာပြ၏၊ တစ်ဦးသည် မျက်မမြင် တစ်စုံတစ်ရာကိုမှ စည်းချိန်ချနိုင်ခြင်း မရှိ၊ ကွပ်ကဲသူထံ၌ အလုံးစုံ မှီခိုနေ၏၊ မည်သည်ကို ဦးတည်ခိုင်းသည် ဖြစ်စေ ကောင်းမြတ်မှုကို ပြန်မပေးနိုင် ထိုသူနှင့် သမာသမတ်ကျစွာ စီမံချက်ချနိုင်လျှက် မြဲမြံသော ဝါဒ၌ ရှိသူတို့သည် ထပ်တူထပ်မျှ ဖြစ်လေသလော။[၆၀၁]

၇၇။ وَلِلّهِ غَيْبُ السَّمَاوَاتِ وَالأَرْضِ وَمَا أَمْرُ السَّاعَةِ إِلاَّ كَلَمْحِ الْبَصَرِ أَوْ هُوَ أَقْرَبُ إِنَّ اللّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞

☆၇း၃၄ အမြင်

မိုးများနှင့် မြေကမ္ဘာတွင်း စကြာ့လွန်များသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အချိန်နာရီစေ့ရောက်မည့်☆ စီမံချက်သည် **မျက်စိ** တစ်မှိတ် သို့မဟုတ် ထို့ထက် ပို၍နီးကပ်၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စည်းချိန် ချမှတ်နိုင်တော်မူ၏။

၇၈။ وَاللّهُ أَخْرَجَكُم مِّن بُطُونِ أُمَّهَاتِكُمْ لاَ تَعْلَمُونَ شَيْئًا وَجَعَلَ لَكُمُ الْسَّمْعَ وَالأَبْصَارَ وَالأَفْئِدَةَ لَعَلَّكُمْ تَشْكُرُونَ۞

ပရမတ်ဘုရားရှင်သည် သင်တို့အား သင်တို့မိခင်များ၏ ဝမ်းကြာတိုက်မှ တစ်စုံတစ်ရာ မသိသောဘဝဖြင့် ထုတ်ယူတော်မူ၏၊ ထို့နောက် သင်တို့ ကျေးဇူးသိတတ်အံ့ငှာ ကြားခြင်း၊ မြင်ခြင်း၊ ခံစားတတ်ခြင်းများကို စီမံပေးတော်မူ၏။

၇၉။ أَلَمْ يَرَوْاْ إِلَى الطَّيْرِ مُسَخَّرَاتٍ فِي جَوِّ السَّمَاء مَا يُمْسِكُهُنَّ إِلاَّ اللّهُ إِنَّ فِي ذَلِكَ لآيَاتٍ لِّقَوْمٍ يُؤْمِنُونَ۞

ကောင်းကင် ဟင်းလင်းပြင်၌ ထိမ်းတည်ထားနိုင်သော ငှက်များကို သင်တို့ မသုံးသပ်မိသလော၊ ၎င်းတို့အား ပရမတ်ဘုရားရှင်သည်သာ ထိုသို့ ကျက်စားစေနိုင်၏၊ ယုံကြည်သော လူမျိုးအတွက် ဤ၌ လက္ခဏာတစ်ရပ် ရှိနေ၏။

၈၀။ وَاللّهُ جَعَلَ لَكُم مِّن بُيُوتِكُمْ سَكَنًا وَجَعَلَ لَكُم مِّن جُلُودِ الأَنْعَامِ بُيُوتًا تَسْتَخِفُّونَهَا يَوْمَ ظَعْنِكُمْ وَيَوْمَ إِقَامَتِكُمْ وَمِنْ أَصْوَافِهَا وَأَوْبَارِهَا وَأَشْعَارِهَا أَثَاثًا وَمَتَاعًا إِلَى حِينٍ۞

ပရမတ်ဘုရားရှင်သည် သင်တို့အတွက် အခြေချရန် အိမ်များကို ပြုလုပ်ပေး၍၊ သင်တို့ ခရီးသွားသော နေ့၊ စခန်းချသော နေ့များအတွက် အသုံးပြုရန် တိရိစ္ဆာန်သားရေဖြင့် တဲအိမ်များကို ပြုလုပ်ပေးတော်မူ၏၊ ၎င်းတို့၏ အမွေးနု၊

(၆၀၀) ဆရာတော်ကြီးများက ပြုလုပ်နိုင်သည်၊ ပြုနိုင်စွမ်းသည်ဟု ဘာသာပြန်ဆိုသော **ကဒရ်** ၏ အနက်မှာ အရာရာကို စည်းချိန်ကျကျ ဟန်ချက်ညီညီ ဥပဒေသ သတ်မှတ်ပြဋ္ဌာန်းလျှက် လုပ်နိုင်စွမ်းသည်ဟု ကျမ်းတော်က ဖေါ်ပြပေသည်။ ထို့ကြောင့် ဤသုတ်တော်အပါအဝင် ကျမ်းတော်တစ်အုပ်လုံး တွင်ပါဝင်သော **ကဒရ်**ကို ဤဘာသာပြန်၌ စည်းချိန်ချနိုင်သည်ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

(၆၀၁) ဤသုတ်တော်မှ ပြောသော မျက်မမြင် ဆိုသည်မှာ တရားမရ အမှောင်ကျနေသော သူကို ဆိုလိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | အမွေးညှင်း၊ အမွေးအမျှင်များကို အသုံးအဆောင်ပြု၍ အချိန်ကာလတစ်ခု ခံစားစေတော်မူ၏။ |
| ၈၁။ | **وَاللّهُ جَعَلَ لَكُم مِّمَّا خَلَقَ ظِلاَلاً وَجَعَلَ لَكُم مِّنَ الْجِبَالِ أَكْنَانًا وَجَعَلَ لَكُمْ سَرَابِيلَ تَقِيكُمُ الْحَرَّ وَسَرَابِيلَ تَقِيكُم بَأْسَكُمْ كَذَلِكَ يُتِمُّ نِعْمَتَهُ عَلَيْكُمْ لَعَلَّكُمْ تُسْلِمُونَ ۞**<br>ဖြစ်တည်ပေးထားရာများမှ သင်တို့ အရိပ်ရစေရန် ပရမတ်ဘုရားရှင်က ပြုလုပ်ပေးသည်လည်း ရှိ၏။ သင်တို့အတွက် တောတောင်အတွင်း ခိုလှုံစရာများကို ပြုလုပ်ပေး၏၊ နေအပူမှ ခံနိုင်ရည်ရှိရန် အဝတ်အထည်များ၊ တိုက်ပွဲများ၌ သင်တို့အတွက် ခံနိုင်ရည်ရှိရန် အဝတ်တန်ဆာများကို ပြုလုပ်ပေးတော်မူ၏၊ သင်တို့သည် ငြိမ်းချမ်းရေးပြုအံ့သောငှာ သင်တို့အပေါ်၌ ဤသို့ ဂုဏ်ပေးခြင်းကို ဖြည့်တော်မူ၏။ |
| ၈၂။ | **فَإِن تَوَلَّوْاْ فَإِنَّمَا عَلَيْكَ الْبَلاَغُ الْمُبِينُ ۞**<br>သူတို့ ဘက်လှည့်ခဲ့ကြလျှင်လည်း အသင်၏ ဝန်တာမှာ ရှင်းလင်းမှုကို ရင့်သန်စေရန်သာ ဖြစ်၏။ |
| ၈၃။ | **يَعْرِفُونَ نِعْمَتَ اللّهِ ثُمَّ يُنكِرُونَهَا وَأَكْثَرُهُمُ الْكَافِرُونَ ۞**<br>သူတို့သည် ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို မှတ်မိကြ၏၊ ထို့နောက် ၎င်းကို ဖုံးကွယ်ကြ၏၊ သူတို့မှ အများစုသည် ဖုံးကွယ်သူများပင် ဖြစ်၏။ |
| ၈၄။ | **وَيَوْمَ نَبْعَثُ مِن كُلِّ أُمَّةٍ شَهِيدًا ثُمَّ لاَ يُؤْذَنُ لِلَّذِينَ كَفَرُواْ وَلاَ هُمْ يُسْتَعْتَبُونَ ۞**<br>အသိုင်းအဝိုင်း ကိုယ်စီမှ သက်သေတော်များကို ပွင့်ပေါ်စေသော နေ့ကာလ၌၊ ဖုံးကွယ်သော သူများအတွက် ခွင့်ပြုချက်မရှိ မျက်နှာရလိမ့်မည်လည်း မဟုတ်ချေ။ |
| ၈၅။ | **وَإِذَا رَأى الَّذِينَ ظَلَمُواْ الْعَذَابَ فَلاَ يُخَفَّفُ عَنْهُمْ وَلاَ هُمْ يُنظَرُونَ ۞**<br>အမိုက်စီးသော သူတို့သည် ဝင်္ဒုက္ခကို မြင်တွေ့ရသော အခါ၊ သူတို့နှင့် စပ်လျဉ်း၍ ပေါ့ပါးစေမည်မဟုတ်၊ သူတို့သည် စောင့်ကြည့်နေခွင့်လည်း မရှိတော့ပြီ။ |
| ၈၆။ | **وَإِذَا رَأى الَّذِينَ أَشْرَكُواْ شُرَكَاءهُمْ قَالُواْ رَبَّنَا هَؤُلاء شُرَكَآؤُنَا الَّذِينَ كُنَّا نَدْعُوْ مِن دُونِكَ فَألْقَوْا إِلَيْهِمُ الْقَوْلَ إِنَّكُمْ لَكَاذِبُونَ ۞**<br>ရောပြွန်းကိုးကွယ်သူများက သူတို့ ရောပြွန်းကိုးကွယ်ခဲ့ရာများကို မြင်တွေ့သောအခါ ''အို ကံကြမ္မာရှင် တပည့်တော်တို့သည် အရှင့်အား တုပြိုင်လျှက် ရောပြွန်းကိုးကွယ် ဆုတောင်းခဲ့သည်မှာ သူတို့ပင် ဖြစ်၏၊''ဟု ဆိုသော်၊ ၎င်းတို့က သူတို့အား ''သင်တို့သည် လိမ်လည်သူများသာ ဖြစ်၏၊''ဟု ပြန်ပြောကြလတ္တံ့။ |
| ၈၇။ | **وَأَلْقَوْاْ إِلَى اللّهِ يَوْمَئِذٍ السَّلَمَ وَضَلَّ عَنْهُم مَّا كَانُواْ يَفْتَرُونَ ۞**<br>ထိုနေ့ကာလ၌ သူတို့သည် ပရမတ်ဘုရားရှင် အတွက်သာ ရိုကျိုးစွာ ငြိမ်းချမ်းမှုပြုကြ၏၊ သူတို့ ဖန်တီးခဲ့သော အရာများသည် သူတို့ထံမှ လွဲချောင်သွားလေပြီ။ |
| ၈၈။ | **الَّذِينَ كَفَرُواْ وَصَدُّواْ عَن سَبِيلِ اللّهِ زِدْنَاهُمْ عَذَابًا فَوْقَ الْعَذَابِ بِمَا كَانُواْ يُفْسِدُونَ ۞**<br>ဖုံးကွယ်လျှက် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဟန့်တားသော သူတို့သည် သူတို့၏ အဖျက်အနှောင့်လုပ်ရပ်များကြောင့် ဝင်္ဒဏ် အပေါ် ဝင်္ဒဏ် ဆင့်ပွားစေ၏။ |
| ၈၉။ | **وَيَوْمَ نَبْعَثُ فِي كُلِّ أُمَّةٍ شَهِيدًا عَلَيْهِم مِّنْ أَنفُسِهِمْ وَجِئْنَا بِكَ شَهِيدًا عَلَى هَؤُلاء وَنَزَّلْنَا عَلَيْكَ الْكِتَابَ تِبْيَانًا لِّكُلِّ شَيْءٍ وَهُدًى وَرَحْمَةً وَبُشْرَى لِلْمُسْلِمِينَ ۞**<br>အသိုင်းအဝိုင်း ကိုယ်စီမှ သက်သေများကို သူတို့၏ စရိုက်တူလူမျိုးအတွက် ပွင့်ပေါ်စေသော နေ့ကာလ၌၊ သင့်ကို |

| | |
|---|---|
| | လည်း ထိုသူများ အပေါ်၌ သက်သေ ဖြစ်စေပြီ။ အရာအားလုံး ကိုယ်စီ ရှင်းလင်းချက်၊ လမ်းညွှန်ချက်၊ ကရုဏာနှင့် ငြိမ်းချမ်းရေးဝါဒီများအတွက် သတင်းကောင်း အဖြစ် ဤကျမ်းတော်ကို သင့်ထံ၌ ချမှတ်ပေးပြီ။[၆၁၂] |
| ၉၀။ | **إِنَّ اللّهَ يَأْمُرُ بِالْعَدْلِ وَالإِحْسَانِ وَإِيتَاء ذِي الْقُرْبَى وَيَنْهَى عَنِ الْفَحْشَاء وَالْمُنكَرِ وَالْبَغْيِ يَعِظُكُمْ لَعَلَّكُمْ تَذَكَّرُونَ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် မျှတမှုရှိရန်၊ ကောင်းမွန်ရည်ငံရန်၊ နီးစပ်သူများကို ပေးကမ်းဝေငှရန် မိန့်ညွှန်တော်မူ၏၊ မကြားဝံ့မနာသာမှု၊ ညစ်ညမ်းမှု၊ သောင်းကျန်းမှုကို တားမြစ်တော်မူ၏၊ သင်တို့ သတိထားနိုင်အံ့ငှာ ဩဝါဒများပင် ဖြစ်ပေသတည်း။ |
| ၉၁။ | **وَأَوْفُواْ بِعَهْدِ اللّهِ إِذَا عَاهَدتُّمْ وَلاَ تَنقُضُواْ الأَيْمَانَ بَعْدَ تَوْكِيدِهَا وَقَدْ جَعَلْتُمُ اللّهَ عَلَيْكُمْ كَفِيلاً إِنَّ اللّهَ يَعْلَمُ مَا تَفْعَلُونَ۞**<br>သင်တို့သည် ကတိပြုသောအခါ၊ ပရမတ်ဘုရားရှင်၏ ကတိတော်ကို ဖြည့်ဆီးကြလော့၊ အလျှင်စလို တိုင်တည်ပြီး လျှက် ကျိန်ဆိုချက်ကို မဖျက်ကြလင့်၊ သင်တို့သည် ပရမတ်ဘုရားရှင်အား အာမခံသူပြုလုပ်ကြ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သိနေတော်မူပေ၏။ |
| ၉၂။ | **وَلاَ تَكُونُواْ كَالَّتِي نَقَضَتْ غَزْلَهَا مِن بَعْدِ قُوَّةٍ أَنكَاثًا تَتَّخِذُونَ أَيْمَانَكُمْ دَخَلاً بَيْنَكُمْ أَن تَكُونَ أُمَّةٌ هِيَ أَرْبَى مِنْ أُمَّةٍ إِنَّمَا يَبْلُوكُمُ اللّهُ بِهِ وَلَيُبَيِّنَنَّ لَكُمْ يَوْمَ الْقِيَامَةِ مَا كُنتُمْ فِيهِ تَخْتَلِفُونَ۞**<br>ချည်ကြိုးကို ခိုင်မာရန်လုပ်ပြီးနောက် အမျှင်ဖတ်ထုတ်သည့် ကြိုးငင့်သော သူမကဲ့သို့ မဖြစ်ကြလင့်၊ သင်တို့အကြား လူများစု အသိုင်းအဝိုင်းက အခြားအသိုင်းအဝိုင်း အပေါ် ဝင်ရောက်စွပ်ဖက်ရန် ကျိန်ဆို ယူထား၏၊ ပရမတ်ဘုရားရှင်သည် ဤအမှုဖြင့် သင်တို့အား စစ်ဆေးတော်မူမည်၊ ထို၌ သင်တို့၏ ကွဲလွဲငြင်းခုံမှုများကို ရပ်တည်မြဲမြံရမည့် နေ့၌ သင်တို့အတွက် ရှင်းလင်းထင်ရှားစေမည်ပင်။[၆၁၃] |
| ၉၃။ | **وَلَوْ شَاء اللّهُ لَجَعَلَكُمْ أُمَّةً وَاحِدَةً وَلَكِن يُضِلُّ مَن يَشَاء وَيَهْدِي مَن يَشَاء وَلَتُسْأَلُنَّ عَمَّا كُنتُمْ تَعْمَلُونَ۞**<br>ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့သော် သင်တို့ကို အသိုင်းအဝိုင်းတစ်ခုတည်း ဖြစ်စေလတ္တံ့၊ သို့ရာတွင် စံချိန်ပြည့်သည်နှင့်အညီလမ်းလွဲစေ၍၊ စံချိန်ပြည့်သည်နှင့်အညီ လမ်းမှန်ရစေ၏၊ သင်တို့ ကျင့်ကြံခဲ့သမျှကို မေးမြန်းစစ်ဆေးခံရလတ္တံ့။ |
| ၉၄။ | **وَلاَ تَتَّخِذُواْ أَيْمَانَكُمْ دَخَلاً بَيْنَكُمْ فَتَزِلَّ قَدَمٌ بَعْدَ ثُبُوتِهَا وَتَذُوقُواْ الْسُّوءَ بِمَا صَدَدتُّمْ عَن سَبِيلِ اللّهِ وَلَكُمْ** |

(၆၁၂) ဤသုတ်တော်သည် အသိုင်းအဝိုင်း၊ သတ်မှတ်သော နယ်နိမိတ်အတွင်းရှိ နိုင်ငံသားတိုင်းအတွက် ဦးဆောင်လမ်းပြများ ပေါ်ထွန်းခဲ့ပြီး၊ ပေါ်ထွန်းနေမည် ဟု ပြော၍၊ ထိုခေါင်းဆောင်များ ခံရမည့် အနစ်နာခံရမှုမျိုးအတွက် ကိုယ်တော် မုဟမ္မဒ်သည် စံပြခေါင်းဆောင် တစ်ဦးဖြစ်ကြောင်း အတိအကျပြောဆို ထားပေသည်။ ကိုယ်တော်၏ နောက်လိုက်များသည်လည်း ခေါင်းဆောင်၏ အမိန့်ကိုနာခံသော စွမ်းစွမ်းတမံ ဆောင်ရွက်တတ်သော နောက်လိုက်များအဖြစ်– ပေါ်ထွန်းလာသမျှသော ခေါင်းဆောင်များ၏ နောက်လိုက်များ နမူနာ ယူနိုင်သော နောက်လိုက်များ ဖြစ်ကြောင်း ကျမ်းတော်တွင် ဖေါ်ပြထားပေသည်၊ (၂း၁၄၃)။

(၆၁၃) လူမျိုးစုံ၊ မျိုးနွယ်စုံ ဖွဲ့စည်းတည်ထောင်သော ပြည်ထောင်စု နိုင်ငံတစ်ခုအတွက် ကျမ်းတော်က သွန်သင်သော ဤဥပဒေသည် အလွန်လုပသော ဥပဒေတစ်ရပ်ပင် ဖြစ်ပေသည်။ ဤဥပဒေက စည်းလုံးညီညွတ်စွာ ဖွဲ့စည်းထားသော ပြည်ထောင်စုအား အစိတ်စိတ်ကွဲသွားစေရန် ခွဲထွက်ရေးကို မပြုကြရန် ချည်ငင်သော သူမ၏ ဥပမာနှင့် သွန်သင်ပြီး၊ လူများစုများကလည်း လူနည်းစုများနှင့် သဘောတူ ချုပ်ဆိုထားသော စာချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သို့မဟုတ် ကတိကဝတ်များကို ဖျက်ဆီးရန် ကြိတ်၍ ကြံစည်နေမှု၊ သို့မဟုတ် နိုင်ထက်စီးနင်းပြု ဖွဲ့စည်းပုံရေးဆွဲမှုများကို သတိပေးထားပေသည်။ ထိုအမှုကို ပရမတ်ဘုရားရှင်က စစ်ဆေးတော်မူမည်ဟုလည်း ထောက်ပြထားပေသည်။ ဆိုလိုသည်မှာ ထိုကိစ္စများကို အစ္စလာမ်သာသနာက လုံးဝ လက်မခံဟု ဆိုလိုခြင်း ဖြစ်ပေသည်။ အစ္စလာမ်သာသနာဝင်များ လူများစုဖြစ်သော တိုင်းနယ်နိမိတ်များတွင်လည်း အစ္စလာမ် အစိုးရများအနေဖြင့် အလွန်အရေးကြီးသော သွန်သင်ချက်ဖြစ်သည့် ဤသုတ်တော်အတိုင်း လိုက်နာရန် အရေးကြီးပေသည်။

| | |
|---|---|
| | **عَذَابٌ عَظِيمٌ**۞<br>သင်တို့ချင်းကြား ဝင်ရောက်စွပ်ဖက်ရန် ကျိန်ဆို မယူမှတ်ကြလင့်၊ ယင်းသည် အခြေ ခိုင်မြဲပြီးနောက်မှ ခြေချော်တတ်၏၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်မှ ဟန့်တားသောကြောင့် အကုသိုလ်ကို မြည်းစမ်းရလိမ့်မည်၊ သင်တို့အတွက် ဝဋ်ကြွေး ကြီးကြီး ရှိနေပြီ။[၆၁၄] |
| ၉၅။ | **وَلاَ تَشْتَرُواْ بِعَهْدِ اللّهِ ثَمَنًا قَلِيلاً إِنَّمَا عِندَ اللّهِ هُوَ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ**۞<br>ပရမတ်ဘုရားရှင်၌ ထားသော ကတိကဝတ်အား မဖြစ်စလောက်ဖြင့် မရောင်းစားကြလင့်၊ ကေနပင ပရမတ်ဘုရားရှင်၏ ထံတော်၌ ရှိသောအရာသည် သင်တို့အတွက် ပိုမိုကောင်းမြတ်၏၊ သင်တို့ သိနိုင်ပါလေစ။ |
| ၉၆။ | **مَا عِندَكُمْ يَنفَدُ وَمَا عِندَ اللّهِ بَاقٍ وَلَنَجْزِيَنَّ الَّذِينَ صَبَرُواْ أَجْرَهُم بِأَحْسَنِ مَا كَانُواْ يَعْمَلُونَ**۞<br>သင်တို့ထံ၌ ရှိရာသည် တခဏ၊ ပရမတ်ဘုရားရှင်၏ ထံတော်၌ ရှိရာသည်သာ ထာဝရ ဖြစ်၏၊ သည်းခံကြီးသော သူများအား သူတို့၏ ကျင့်ကြံမှုအတွက် ကောင်းမွန်သော ဆုလဒ်ဖြင့် ဆုပေးတော်မူမည်ပင်။ |
| ၉၇။ | **مَنْ عَمِلَ صَالِحًا مِّن ذَكَرٍ أَوْ أُنثَى وَهُوَ مُؤْمِنٌ فَلَنُحْيِيَنَّهُ حَيَاةً طَيِّبَةً وَلَنَجْزِيَنَّهُمْ أَجْرَهُم بِأَحْسَنِ مَا كَانُواْ يَعْمَلُونَ**۞<br>ယုံကြည်လျှက် ပြုပြင်ပြောင်းလဲမှု ပြုသူ အမျိုးသား၊ အမျိုးသမီး မဟူ၊ သူ့အား သန့်စင်သော ဘဝကို ချီးမြှင့်တော်မူမည်၊ သူတို့၏ ကျင့်ကြံမှုအတွက် ကောင်းမွန်သော ဆုလဒ်ဖြင့် ဆုပေးတော်မူမည်ပင်။ |
| ၉၈။ | **فَإِذَا قَرَأْتَ الْقُرْآنَ فَاسْتَعِذْ بِاللّهِ مِنَ الشَّيْطَانِ الرَّجِيمِ**۞<br>ကုရ်အံကျမ်းတော်အား ရွတ်ဖတ်သောအခါ၊ ကြဉ်ဖယ်ခံ မကောင်းဆိုးဝါးမှ ကင်းရန် ပရမတ်ဘုရားရှင်၌ ခိုလှုံလော့။[၆၁၅] |
| ၉၉။ | **إِنَّهُ لَيْسَ لَهُ سُلْطَانٌ عَلَى الَّذِينَ آمَنُواْ وَعَلَى رَبِّهِمْ يَتَوَكَّلُونَ**۞<br>ကေနပင မကောင်းဆိုးဝါး၌ ကံကြမ္မာရှင်အား သက်ဝင်ယုံကြည်လျှက် ပုံအပ်ကိုးစားသူတို့ အပေါ်၌ လုပ်ပိုင်ခွင့် မရှိချေ။ |
| ၁၀၀။ | **إِنَّمَا سُلْطَانُهُ عَلَى الَّذِينَ يَتَوَلَّوْنَهُ وَالَّذِينَ هُم بِهِ مُشْرِكُونَ**۞<br>သူ့ဘက်သို့ ယိမ်းသူများနှင့် သူ့အား ရောပြွန်းကိုးကွယ်ခံအဖြစ် ပြုသော သူတို့ အပေါ်၌သာ ဩဇာညောင်းနိုင်၏။ |
| ၁၀၁။ | **وَإِذَا بَدَّلْنَا آيَةً مَّكَانَ آيَةٍ وَاللّهُ أَعْلَمُ بِمَا يُنَزِّلُ قَالُواْ إِنَّمَا أَنتَ مُفْتَرٍ بَلْ أَكْثَرُهُمْ لاَ يَعْلَمُونَ**۞<br>သုတ်ဒေသနာ တစ်ပါးအစား သုတ်တော်တစ်ပါးကို ပြောင်းလဲသောအခါ၊ ပရမတ်ဘုရားရှင်သည် ချမှတ်ပေးခဲ့သည်ကို ကုန်စင်သိနေတော်မူ၏၊ သူတို့က "သင်သည်ကား လုပ်ဇာတ်ခင်းခြင်းပင်၊"ဟု ဆိုကြ၏၊ အမှန်မှာ သူတို့မှ အများစုသည် သိနိုင်စွမ်းများ မရှိချေ။[၆၁၆] |

---

**(၆၁၄)** ဤသုတ်တော်များမှ ကျိန်ဆို ယူမှတ်သည် ဟု ဆိုသော **တတ်တခီသူး အိုင်းမာနိုကွမ်** ဆိုသည်မှာ အချင်းချင်း စုပေါင်း ကတိသစ္စာပြုသော ဖွဲ့စည်းပုံ၊ သို့မဟုတ် ကတိကဝတ် စာချုပ်စာတမ်းကို ဆိုလိုပေသည်။

**(၆၁၅)** ကုရ်အံကျမ်းတော်သည် နားလည်အောင် ဖတ်သူအပေါင်းကို စိတ်ဓါတ်တော်လှန်ရေး၊ ရုပ်ပိုင်းဆိုင်ရာ တော်လှန်ရေးကို အလွန်ဖြစ်စေပေသည်၊ ကျမ်းတော်ကို ဖတ်လေလေ သူတွေ့သမျှ အမှန်ကို ပြောချင်၊ ဆိုချင်၊ လုပ်ဆောင်လိုချင်စိတ် ဖြစ်ပေါ်လေလေ ဖြစ်၍၊ အရိုးစွဲ မိရိုးဖလာ ဝါဒဖြင့် ထိပ်တိုက်တိုးမိသည်က များပေသည်၊ ထိုမိရိုးဖလာဝါဒီများက ဒုက္ခပေးလေ့ရှိပေသည်။ ထိုသို့ ဒုက္ခပေးခံရခြင်းမှ ကင်းလွတ်ရန် ပရမတ်ဘုရားထံ၌သာ ခိုလှုံလော့ဟု သွန်သင်ခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် မိရိုးဖလာဝါဒီများကို ဝါဒရေးရာ၌ အလျှော့မပေးရန် သွန်သင်ခြင်း ဖြစ်ပေသည်။

**(၆၁၆)**သာသနာတော်အား နည်းမျိုးစုံဖြင့် တိုက်ဖျက်လိုသူများက ဤသုတ်တော်ကို မှီ၍၊ ကိုယ်တော်မုဟမ္မဒ်သည် မဒီနာသို့ရောက်သောအခါ မက္ကာဟ်တွင် ချီးမြှင့်ကိန်းဝပ်ခံရသော သုတ်တော်တစ်ချို့ကို ပါယ်ဖျက်လိုက်သည်ဟု စွပ်စွဲကြပေသည်။ ဘုရားရှင်ချမှတ်ပေးသော ကျမ်းမြတ်ကုရ်အံပါ ဒေသနာများကို ကိုယ်တော့လက်ထက်တော်တွင် ချေဖျက်ပစ်သည်ဟု မည်သည့် သမိုင်း အထောက်အထားတွင်မှ မရှိပေ။ ဤသုတ်တော်၏ အဆိုမှာ ကိုယ်တော်မတိုင်မီက ပွင့်ပေါ်ခဲ့သော ရှေးက ဉာဏ်စဉ်တော်ဆောင်များ၏ ဒေသနာခေတ်သည် တိမ်ကောသွားပြီဖြစ်၍၊ ထိုဒေသနာခေတ်တွင် လူသားတို့အတွက် ချမှတ်ပေးသော သုတ်တော်များ၏ နေရာ၌ ယခုကျမ်းမြတ်ကုရ်အံပါ သုတ်တော်အားဖြင့် အစားထိုးလိုက်ပြီဟု ဆိုလိုခြင်း

၁၀၂။ قُلْ نَزَّلَهُ رُوحُ الْقُدُسِ مِن رَّبِّكَ بِالْحَقِّ لِيُثَبِّتَ الَّذِينَ آمَنُواْ وَهُدًى وَبُشْرَى لِلْمُسْلِمِينَ۞

☆ ၂း၈၇

ယုံကြည်သော သူတို့အား ရပ်တည်မှုခိုင်မာစေရန်၊ ငြိမ်းချမ်းရေးဝါဒီများအတွက် လမ်းညွှန်နှင့် သတင်းကောင်းဖြစ်ရန် ၎င်းကို သင်၏ကံကြမ္မာရှင်ထံမှ မြတ်သော ဥာဏ်စဉ်က☆ မှန်ကန်စွာ ချမှတ်ပေးခြင်း ဖြစ်၏။

၁၀၃။ وَلَقَدْ نَعْلَمُ أَنَّهُمْ يَقُولُونَ إِنَّمَا يُعَلِّمُهُ بَشَرٌ لِّسَانُ الَّذِي يُلْحِدُونَ إِلَيْهِ أَعْجَمِيٌّ وَهَذَا لِسَانٌ عَرَبِيٌّ مُّبِينٌ۞

ကုရ်အံ

"လူသားတစ်ယောက်က သူ့အား သင်ပေးနေသည်၊"ဟု ပြောစကားများကို ငါသည် ကုန်စင်သိနေ၏၊ သူတို့ ရည်ညွှန်းသောသူ၏ ဘာသာစကားမှာ အာရဗီ မဟုတ်ချေ။ ဤသည် ရှင်းလင်းသော အာရဗီ ဘာသာစကား ဖြစ်၏။[၆၁၇]

၁၀၄။ إِنَّ الَّذِينَ لاَ يُؤْمِنُونَ بِآيَاتِ اللّهِ لاَ يَهْدِيهِمُ اللّهُ وَلَهُمْ عَذَابٌ أَلِيمٌ۞

ကောန်ပင် ပရမတ်ဘုရားရှင်၏ သုတ္တန်များကို မယုံကြည်သော သူတို့၊ ထိုသူတို့အား ပရမတ်ဘုရားရှင်က လမ်းညွှန်မည် မဟုတ် သူတို့အဘို့ စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏။

၁၀၅။ إِنَّمَا يَفْتَرِي الْكَذِبَ الَّذِينَ لاَ يُؤْمِنُونَ بِآيَاتِ اللّهِ وَأُوْلئِكَ هُمُ الْكَاذِبُونَ۞

လိမ်လည် မှုသားပြုသူများသည်သာ ပရမတ်ဘုရားရှင်၏ သုတ္တန်များကို မယုံကြည်သောသူတို့ ဖြစ်၏၊ ထိုသူများသည် လိမ်လည်သူများ ဖြစ်ကြ၏။

၁၀၆။ مَن كَفَرَ بِاللّهِ مِن بَعْدِ إيمَانِهِ إِلاَّ مَنْ أُكْرِهَ وَقَلْبُهُ مُطْمَئِنٌّ بِالإِيمَانِ وَلَكِن مَّن شَرَحَ بِالْكُفْرِ صَدْرًا فَعَلَيْهِمْ غَضَبٌ مِّنَ اللّهِ وَلَهُمْ عَذَابٌ عَظِيمٌ۞

✡ ၁း၇

နှလုံးသား၌ ယုံကြည်ခြင်းကို ဘဝင်ကျသော်လည်း အဓမ္မနှိပ်ကွပ်ခံရသူမှ အပ၊ သက်ဝင်ယုံကြည်ပြီးမှ ပရမတ်ဘုရားရှင်နှင့်စပ်လျှဉ်း၍ ဖုံးကွယ်သူ၊ သူ၏ ရင်အား ဖုံးကွယ်ခြင်းအတွက် လမ်းဖွင့်ထားသူ ထိုသူတို့အား ပရမတ်ဘုရားရှင်၏ထံမှ ကံကြီးသင့်မှုသက်စေ၏၊✡ သူတို့အတွက် ဝဋ်ကြွေး ကြီးကြီး ရှိနေပြီ။

၁၀၇။ ذَلِكَ بِأَنَّهُمُ اسْتَحَبُّواْ الْحَيَاةَ الْدُّنْيَا عَلَى الآخِرَةِ وَأَنَّ اللّهَ لاَ يَهْدِي الْقَوْمَ الْكَافِرِينَ۞

ယင်းမှာ သူတို့သည် ဤလောကီဘဝကို နောင်ဘဝထက် ပိုမိုနှစ်သက်သောကြောင့် ဖြစ်၏၊ ကောန်ပင် ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သော လူမျိုးအား လမ်းညွှန်တော် မမူချေ။

၁၀၈။ أُولَئِكَ الَّذِينَ طَبَعَ اللّهُ عَلَى قُلُوبِهِمْ وَسَمْعِهِمْ وَأَبْصَارِهِمْ وَأُولَئِكَ هُمُ الْغَافِلُونَ۞

ထိုသူများသည် ပရမတ်ဘုရားရှင်က သူတို့၏ နှလုံးသားများ၊ ကြားနိုင်ခြင်းများ၊ မြင်နိုင်ခြင်းများအား တံဆိပ်နှိပ်ခြင်း ခံထားရသူတို့ဖြစ်၏။ ထိုသူတို့သည်ကား မေ့လျော့နေသူများ ဖြစ်ကြ၏။

---

သာ ဖြစ်ပေသည်၊ ၂း၁၀၆ တွင်ကြည့်ပါ။ ထို့ကြောင့် ရှေးမှ မိရိုးဖလာဝါဒီများက ကျမ်းတော်ပါ သုတ်တော် တစ်ခုခြင်းစီအား ချမှတ်တိုင်း သင်၏ လုပ်ကြံဖန်တီးခြင်း ဖြစ်သည်ဟု စွပ်စွဲလေ့ရှိပေသည်။ ထိုသို့စွပ်စွဲခြင်းကို ယခုခေတ်ထိတိုင် ခံနေခြင်းက သက်သေတစ်ရပ် ဖြစ်ပေသည်။

**(၆၁၇)** ဤကျမ်းတော်ပါ သွန်သင်ချက်များနှင့် စပ်လျှဉ်း၍ ကိုယ်တော်မုဟမ္မဒ်အား နောက်ကွယ်မှ သမ္မာကျမ်းစာအား ကျွမ်းကျင်သူ တစ်စုံ တစ်ယောက်က သွန်သင်ပေးနေသည်ဟု လည်းကောင်း၊ ကျမ်းတော်သည် သမ္မာကျမ်းစာအား ကောင်းနိုးရာရာများကို ခိုးကူးယူထားသည်ဟု လည်းကောင်း စွပ်စွဲမှုများကို ဤသုတ်တော်က ပယ်ချပေသည်။ ထိုသူများစွပ်စွဲသည့် ကိုယ်တော့အား သွန်သင်သူဆိုသည်မှာ အာရဗီစကားပြောသူ မဟုတ်ပေ၊ ထို့အပြင် ကိုယ်တော်သည်လည်း "စာသမားပေသမားမဟုတ်" ဟု ၇း၁၅၇ တွင် အတိအကျဆိုထားပေသည်။ ဤကျမ်းတော်အား မြတ်သော ဥာဏ်စဉ်အားဖြင့် ချမှတ်ပေးကြောင်းကိုလည်း အထက်ပါသုတ်တော်က အတိအကျထောက်ပြထားပေသည်။ အထင်ရှားဆုံးဖြစ်ရပ်မှာ သမ္မာကျမ်းစာက အဓိက ရည်ညွှန်းသော ခရစ်ယာန်သာသနာ၏ ဒဿန– ကိုယ်တော်ယေရှုအား ဘုရားသားတော် ဟုဆိုသော အယူအဆ၊ ခရစ်တော်သည် လူ့လောကတွင် မသေဘဲကောင်းကင်သို့ တက်သွားသည်ဟူသော အယူအဆ၊ ခရစ်တော်သည် လူသားဖခင်မျိုးစေ့ မပါဘဲ အပျိုစင်မှ မွေးဘွားလာသည် ဟူသော အယူအဆများကို ကျမ်းတော်က လုံးဝပယ်ချထားပေးသည်၊ (၃း၅၅။ ၅း၁၇၊၁၈။ ၆း၁၀၁။၁၃း၃၈။၁၉း၁၆–၂၇)။ အကယ်၍ ကျမ်းတော်သည် ခရစ်ယာန်ဝါဒလွှမ်းမိုးခဲ့သော် ကျမ်းတော်ပါ ဒဿနများသည် ခရစ်ယာန်၏ အဓိက ရေသောက်မြောက် ဒဿနများကို ပယ်ဖျက်မည် မဟုတ် ဆိုသည့် အချက်အား ယုတ္တိဗေဒကျစွာ အဖြေထုတ်နိုင်ပေသည်။

| | |
|---|---|
| ၁၀၉။ | لاَ جَرَمَ أَنَّهُمْ فِي الآخِرَةِ هُمُ الْخَاسِرونَ ۞<br>မယုံမရှိနှင့် သူတို့သည် နောင်ဘဝ၌ ဆုံးရှုံးရသူတို့ ဖြစ်ကြ၏။ |
| ၁၁၀။<br>☆၂း၂၁၈ | ثُمَّ إِنَّ رَبَّكَ لِلَّذِينَ هَاجَرُواْ مِن بَعْدِ مَا فُتِنُواْ ثُمَّ جَاهَدُواْ وَصَبَرُواْ إِنَّ رَبَّكَ مِن بَعْدِهَا لَغَفُورٌ رَّحِيمٌ ۞<br>သင်၏ကံကြမ္မာရှင်သည် ညှဉ်းပန်းခံရသောကြောင့် ပြောင်းရွှေ့သွားရသူများ၊ ရုန်းကန်လှုပ်ရှားရသူများ၊☆ သည်းခံပါရမီကြီးသူများအတွက်၊ ကေန်ပင် သင်၏ကံကြမ္မာရှင်သည် ထိုဖြစ်ရပ်များနောက် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူပေ၏။ |
| ၁၁၁။<br>☆၂း၂၇၉ | يَوْمَ تَأْتِي كُلُّ نَفْسٍ تُجَادِلُ عَن نَّفْسِهَا وَتُوَفَّى كُلُّ نَفْسٍ مَّا عَمِلَتْ وَهُمْ لاَ يُظْلَمُونَ ۞<br>ပြန်ပေးအပ်သော နေ့ကာလ၌ ဉာဉ်စရိုက်တိုင်းသည် သူ့အကျင့်စရိုက် အလျောက် ထမ်းဆောင်ရမည်ပင်၊ ဉာဉ်စရိုက်တိုင်းအား ကျင့်ဆောင်ခဲ့သည်ကို ပြန်ဖြည့်ပေးလတ္တံ့၊ သူတို့အား အဝိဇ္ဇာသင့်စေမည် မဟုတ်ချေ။☆ |
| ၁၁၂။ | وَضَرَبَ اللّهُ مَثَلاً قَرْيَةً كَانَتْ آمِنَةً مُّطْمَئِنَّةً يَأْتِيهَا رِزْقُهَا رَغَدًا مِّن كُلِّ مَكَانٍ فَكَفَرَتْ بِأَنْعُمِ اللّهِ فَأَذَاقَهَا اللّهُ لِبَاسَ الْجُوعِ وَالْخَوْفِ بِمَا كَانُواْ يَصْنَعُونَ ۞<br>ပရမတ်ဘုရားရှင်က ပမာပေးသော ဥပမာတစ်ခုမှာ အဘက်ဘက်မှ စားရေရိက္ခာ ဖောသီစွာ စုရောက်လာသော ဘေးကင်းလုံခြုံသည့် အရပ်တစ်ခုရှိ၏၊ သို့သော် ၎င်းတို့သည် ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ဖုံးကွယ်ကြ၏၊ ထို့ကြောင့် ပရမတ်ဘုရားရှင်သည် သူတို့၏ ဆောင်ရွက်မှုများကြောင့် ငတ်မွတ်မှု၊ စိုးရိမ်ကြောက်လန့်မှု ဘေးဆိုးကို မြည်းစမ်းစေတော်မူ၏။ |
| ၁၁၃။ | وَلَقَدْ جَاءهُمْ رَسُولٌ مِّنْهُمْ فَكَذَّبُوهُ فَأَخَذَهُمُ الْعَذَابُ وَهُمْ ظَالِمُونَ ۞<br>သူတို့အထဲမှ သူတို့အတွက် ဉာဏ်စဉ်ဆောင်တစ်ပါးကို ရောက်ရှိစေခဲ့ပြီ၊ သူ့အား ငြင်းဆန်ကြ၏၊ သို့ဖြစ်၍၊ သူတို့သည် အမိုက်စီးနေကြစဉ် သူတို့အား ဝဋ်ဒဏ်ဖြင့် သုတ်ငင်လိုက်လေပြီ။ |
| ၁၁၄။ | فَكُلُواْ مِمَّا رَزَقَكُمُ اللّهُ حَلالاً طَيِّبًا وَاشْكُرُواْ نِعْمَتَ اللّهِ إِن كُنتُمْ إِيَّاهُ تَعْبُدُونَ ۞<br>ပရမတ်ဘုရားရှင် ရိက္ခာပေးရာမှ သန့်စင်ရာတို့ကို တရားဝင် စားသုံးကြလော့၊ သင်တို့သည် အရှင့်ကိုသာ ကိုးကွယ်ကြလျှင် ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ကျေးဇူးတင်ကြလော့။ |
| ၁၁၅။<br>✡ ၅း၃ | إِنَّمَا حَرَّمَ عَلَيْكُمُ الْمَيْتَةَ وَالْدَّمَ وَلَحْمَ الْخَنزِيرِ وَمَآ أُهِلَّ لِغَيْرِ اللّهِ بِهِ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَلاَ عَادٍ فَإِنَّ اللّهَ غَفُورٌ رَّحِيمٌ ۞<br>သင်တို့အား တရားမဝင်ပြုထားသည်မှာ၊ အသေကောင်၊ သွေး၊ ဝက်သား၊ ပရမတ်ဘုရားရှင်အား မတိုင်တည်ခဲ့သော အသားတို့ ဖြစ်၏၊✡ သို့သော် အကြဉ်းအကြပ်၌ ဆန္ဒမရှိဘဲ၊ တရားမဖျက်လိုဘဲ စားသုံးရသူအတွက်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၁၆။ | وَلاَ تَقُولُواْ لِمَا تَصِفُ أَلْسِنَتُكُمُ الْكَذِبَ هَذَا حَلاَلٌ وَهَذَا حَرَامٌ لِّتَفْتَرُواْ عَلَى اللّهِ الْكَذِبَ إِنَّ الَّذِينَ يَفْتَرُونَ عَلَى اللّهِ الْكَذِبَ لاَ يُفْلِحُونَ ۞<br>ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်လည်လျက် လုပ်ကြံဖန်တီးရန် "ဤသည်ကား တရားမဝင်၊ ဤသည်ကား တရားဝင်၏၊"ဟု သင်တို့၏ နှုတ်လျှာမှ လိမ်လည် ဖွင့်ဆို မပြောကြကုန်လင့်၊ ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်လည်ဖန်တီးသော သူတို့သည် အောင်မြင်ပေါက်မြောက်မည် မဟုတ်ချေ။ |
| ၁၁၇။ | مَتَاعٌ قَلِيلٌ وَلَهُمْ عَذَابٌ أَلِيمٌ ۞ |

| | |
|---|---|
| | အနည်းငယ် ခံစားခွင့်သာ ရှိ၏၊ သို့သော် သူတို့အတွက် နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၁၁၈။<br>✡ဂျူးတို့ | وَعَلَى الَّذِينَ هَادُواْ حَرَّمْنَا مَا قَصَصْنَا عَلَيْكَ مِن قَبْلُ وَمَا ظَلَمْنَاهُمْ وَلَكِن كَانُواْ أَنفُسَهُمْ يَظْلِمُونَ۞<br>သင့်အား ဖေါ်ပြသည်များကို ယခင်ကပင် ရေဝတီတို့✡ အပေါ်၌လည်း တရားမဝင်ပြုပြီး ဖြစ်၏၊ ငါသည် သူတို့အား အမိုက်သင့်စေသည် မဟုတ်၊ သို့ရာတွင် သူတို့၏ စရိုက်ကို သူတို့ကသာ အမိုက်သင့်စေကြ၏။ |
| ၁၁၉။ | ثُمَّ إِنَّ رَبَّكَ لِلَّذِينَ عَمِلُواْ السُّوءَ بِجَهَالَةٍ ثُمَّ تَابُواْ مِن بَعْدِ ذَلِكَ وَأَصْلَحُواْ إِنَّ رَبَّكَ مِن بَعْدِهَا لَغَفُورٌ رَّحِيمٌ۞<br>အသိတရား မရှိမှီ အကုသိုလ်မှုကို ကျင့်ကြံမိ၍ ဤနောက်တွင် ကံကြမ္မာရှင်ထံ၌ ခဝါချလျှက်  ထို့နောက် ပြုပြင်ပြောင်းလဲသော သူတို့အတွက်  သင့်ကံကြမ္မာရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၂၀။ | إِنَّ إِبْرَاهِيمَ كَانَ أُمَّةً قَانِتًا لِلّهِ حَنِيفًا وَلَمْ يَكُ مِنَ الْمُشْرِكِينَ۞<br>ကေန်ပင် အီဗရာဟီးမ်သည် စံနမူဖြစ်၏၊ သူသည် ပရမတ်ဘုရားရှင်အား အယူသန့်စွာ နာခံဝတ်ပြု၏၊ သူသည် ရောပြွန်းကိုးကွယ်သူများမှ မဟုတ်ချေ။ |
| ၁၂၁။ | شَاكِرًا لِّأَنْعُمِهِ اجْتَبَاهُ وَهَدَاهُ إِلَى صِرَاطٍ مُّسْتَقِيمٍ۞<br>သူသည် အရှင်၏ ဂုဏ်ပေးမှုကို ကျေးဇူးသိ၍၊ သူ့အား ရွေးကောက်၍ မြဲမြံသော ဝါဒလမ်းစဉ်သို့ လမ်းညွှန်တော်မူ၏။ |
| ၁၂၂။ | وَآتَيْنَاهُ فِي الْدُّنْيَا حَسَنَةً وَإِنَّهُ فِي الآخِرَةِ لَمِنَ الصَّالِحِينَ۞<br>သူ့အား ပစ္စုပ္ပန်၌ ကောင်းမွန်မှုနှင့် အနာဂါတ်၌ ပြုပြင်ပြောင်းလဲသူတို့မှ ဖြစ်ရန် ချီးမြှင့်တော်မူ၏။ |
| ၁၂၃။ | ثُمَّ أَوْحَيْنَا إِلَيْكَ أَنِ اتَّبِعْ مِلَّةَ إِبْرَاهِيمَ حَنِيفًا وَمَا كَانَ مِنَ الْمُشْرِكِينَ۞<br>ထို့နောက် သင့်အား အာရုံစျာန်ဖြစ်စေသည်မှာ အယူသန့်သော အီဗရာဟီးမ်၏ ကျင့်စဉ်အတိုင်း လိုက်လျှောက်လော့၊ သူသည် ရောပြွန်းကိုးကွယ်သူများမှ မဟုတ်ချေ။ |
| ၁၂၄။ | إِنَّمَا جُعِلَ السَّبْتُ عَلَى الَّذِينَ اخْتَلَفُواْ فِيهِ وَإِنَّ رَبَّكَ لَيَحْكُمُ بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُواْ فِيهِ يَخْتَلِفُونَ۞<br>သတင်းဥပုသ်ကို ထိုင်၌ ငြင်းခုံကွဲလွဲသူတို့ အဘို့သာ စီမံတော်မူ၏၊ ထိုင်၌သူတို့၏ ကွဲလွဲချက်များကို ရပ်တည်မြဲမြံရမည့် နေ့ကာလတွင် သူ့တို့အကြား၌ သင့်ကံကြမ္မာရှင်က အဆုံးအဖြတ်ပေးလိမ့်မည်။[၆၁၈] |
| ၁၂၅။ | ادْعُ إِلِى سَبِيلِ رَبِّكَ بِالْحِكْمَةِ وَالْمَوْعِظَةِ الْحَسَنَةِ وَجَادِلْهُم بِالَّتِي هِيَ أَحْسَنُ إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ۞<br>သင့်ကံကြမ္မာ၏ လမ်းစဉ်တော်သို့ အရှင်၏ ဓမ္မသတ်နှင့်အညီ ကောင်းမွန်စွာ ဩဝါဒပေး ဖိတ်ခေါ်လော့၊ အချေအတင် ပြောဆိုရာ၌ အကောင်းမွန်ဆုံး ပြုမူလော့၊ မည်သူသည် အရှင်၏ လမ်းစဉ်တော်မှ လွဲချော်ကြောင်း သင့်ကံကြမ္မာရှင်သည် အသိဆုံးသော အရှင်ဖြစ်၏၊ မည်သူသည် လမ်းညွှန်မှန်၌ ရှိသည်ကိုလည်း အရှင်သည် အသိဆုံး ဖြစ်တော်မူ၏။[၆၁၉] |

---

**(၆၁၈)** ဤသုတ်တော်မှ ဥပုသ်နေ့နှင့် စပ်လျှဉ်း၍ ငြင်းခုံကွဲလွဲသူများဆိုသည်မှာ ခရစ်ယာန်များ ဂျူးများကို ဆိုလိုပေသည်။ အဘယ်ကြောင့် ဆိုသော် ကျမ်းတော်တွင် သူတို့စောင့်သော ဥပုသ်ကို **ဆာဘ်တိ** ဟုသုံးပေသည်။ အစ္စလာမ်သာသနာဝင်များ အတွက် ဥပုသ်ကို **စောင်ဝ်**ဟု သုံးပေသည်။ ဤသုတ်တော်တွင် **ဆာဘ်တိ** ကို သုံးထားပေသည်။

**(၆၁၉)** အသင်းအဖွဲ့တိုင်းသည် မိမိ၏ အသင်းအဖွဲ့အား လူအများထောက်ခံ ပါဝင်လာရန် စည်းရုံးသိမ်းသွင်း ရမည်ပင်၊ သို့သော် မိမိ၏ အသင်းအဖွဲ့အား အခြားသူများ ပါဝင်လာရန် ဖိတ်ခေါ်နည်းနှင့် အတိုက်အခံများဖြင့် ဆွေးနွေးနည်းကို ဤသုတ်တော် သွန်သင်ထားပေသည်။ အစ္စလာမ် သာသနာသည် ဓါးမိုး သာသနာပြုသော ဝါဒကို လုံးဝလက်မခံချေ။ အတိုက်အခံများနှင့် ပြောဆိုဆွေးနွေးသော အခါတွင်လည်း တဖက်သတ် အနိုင်ရရန် စကားနိုင်လုခြင်းကို အားမပေးပေ၊ ထို့ကြောင့် ဤသုတ်တော်တွင် “အချေအတင်ပြောဆိုရာ၌ အကောင်းမွန်ဆုံး ပြုမူလော့” သွန်သင်ထားပေသည်။

| | |
|---|---|
| ၁၂၆။ | وَإِنْ عَاقَبْتُمْ فَعَاقِبُواْ بِمِثْلِ مَا عُوقِبْتُم بِهِ وَلَئِن صَبَرْتُمْ لَهُوَ خَيْرٌ لِّلصَّابِرينَ۞<br>သင်တို့သည် အပြစ်ပေးလိုလျှင် သင်တို့ခံရသော အပြစ်ပေးခံရမှုနှင့် အညီသာ စီမံကြလော့၊ သို့သော် သင်တို့သည် သည်းခံပေးလိုက်လျှင် သည်းခံနိုင်သူသည် ပိုမိုမွန်မြတ်လှ၏။[၆၂၀] |
| ၁၂၇။ | وَاصْبِرْ وَمَا صَبْرُكَ إِلاَّ بِاللّهِ وَلاَ تَحْزَنْ عَلَيْهِمْ وَلاَ تَكُ فِي ضَيْقٍ مِّمَّا يَمْكُرُونَ۞<br>သည်းခံကြလော့၊ ပရမတ်ဘုရားရှင်ကြောင့်သာလျှင် သည်းခံပါရမီကို ဖြစ်စေ၏၊ သူတို့အား မစိုးရိမ်ရစေလင့်၊ သူတို့၏ ကြံစည်မှုကြောင့်လည်း သင် စိတ်မပင်ပန်းရပြီ။ |
| ၁၂၈။ | إِنَّ اللّهَ مَعَ الَّذِينَ اتَّقَواْ وَّالَّذِينَ هُم مُّحْسِنُونَ۞<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် စည်းစောင့်သော သူများ၊ ကောင်းမွန်သော သူများနှင့် အတူရှိတော်မူ၏။ |

(၆၂၀) အစ္စလာမ်သာသနာတွင် လက်စားချေခြင်းကို တရားလက်လွန် ခွင့်မပြုပေ၊ ညီမျှစွာ ပြန်လည် ခုခံခွင့် မိမိအသက်၊ မိမိအသိုင်းအဝိုင်း၊ မိမိ တိုင်းပြည်အား ခုခံကာကွယ်ခွင့်သာ ရှိပေသည်။ ထို့ကြောင့် ကျူးလွန်ခံရသော ပြစ်ဒဏ်အတွက်သာလျှင် ၎င်းနှင့် ညီမျှစွာ ပြန်လည် ခုံခံခွင့်ရှိ သည်ဟု ဤသုတ်တော်က သွန်သင်ပေသည်။ သို့သော် တစ်သီးပုဂ္ဂလ ဖြစ်ရပ်များတွင် သည်းခံခွင့်လွှတ်ကြရန် ကိုသာ အဓိက သွန်သင်ကြောင်းကို ဤသုတ်တော် နှင့် ဆက်လက်ဖော်ပြပါ သုတ်တော် ၁၂၇ တွင် အတိအကျ တင်ပြထားပေသည်။ သူတစ်ပါးအား မတော်မတရား အနိုင်ကျင့်ခွင့်၊ စိတ်ဒုက္ခပေးခွင့်လည်း လုံးဝ မရှိပေ၊ ထိုကြောင်းကို "သူတို့အား မစိုးရိမ်ရစေလင့်၊" ဆိုသော စကားက အတိအကျ ထောက်ပြထားပေသည်။